ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပို့တွဲလဆန်း (၄)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (21-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၆၆)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ နိုင်ငံဘက်စုံတိုးတက်ဖို့ ပြည်သူ့ကိုယ်စားလှယ်ရွေးကြစို့။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံလွင်တံတား(တာဆန်း)ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံလွင်တံတား(တာဆန်း)ကမ္ဘည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၀ သံလွင်မြစ်ကူးတံတား (တာဆန်း) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် တာဆန်းကျေးရွာအနီးရှိ အဆိုပါ တံတားနေရာ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ နှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ စာမျက်နှာ ၁၈ ကော်လံ ၁ ☞

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေး ကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ..

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)

ဆက်သွယ်ရန် ဖုန်း – ၀၉ ၆၉၁၂၃၁၆၃၉ ၊ ၀၉ ၆၆၉၂၅၉၉၉၅

ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၁ ရက်
အယ်ဒီတာ့အာဘော်

ကတိကဝတ်များချိုးဖောက်သော တီမောလက်စ်တေ၏လုပ်ရပ်အား ကန့်ကွက်ရှုတ်ချ

အရှေ့တောင်အာရှဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည့် အာဆီယံအသင်း(အာဆီယံ)ကို ဒေသတွင်းနိုင်ငံများဖြင့် ပူးပေါင်းဖွဲ့စည်းထားသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အာဆီယံပဋိညာဉ်စာတမ်းနှင့် အခြားအာဆီယံစာချုပ်စာတမ်းများတွင်ပါဝင်သည့် အခြေခံမူများနှင့်စံနှုန်းများကို လေးစားလိုက်နာကြရသည်။

မြန်မာနိုင်ငံသည် အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ အာဆီယံအသိုက်အဝန်း တည်ထောင်မှုလုပ်ငန်းစဉ်များတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း အာဆီယံအသင်းသို့ဝင်ရန်ကြိုးပမ်းနေသော တီမောလက်စ်တေသည် ၂၀၂၃ ခုနှစ် ဇူလိုင် ၁ ရက်က ဒီလီမြို့တွင် ကျင်းပခဲ့သော အစိုးရအဖွဲ့ကျမ်းသစ္စာကျိန်ဆိုပွဲတွင် မြန်မာနိုင်ငံအစိုးရက မတရားအသင်းကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းမှအဖွဲ့တစ်ဖွဲ့ကိုဖိတ်ကြားကာ တီမောလက်စ်တေသမ္မတက လက်ခံတွေ့ဆုံခဲ့သည်။

တီမောလက်စ်တေနိုင်ငံသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ တည်ဆဲအစိုးရအပေါ် ဆန့်ကျင်နေသည့်အကြမ်းဖက်အဖွဲ့အစည်းကို ယခုကဲ့သို့ ထိတွေ့ဆက်ဆံမှုပြုခဲ့ခြင်းကြောင့် တီမောလက်စ်တေနိုင်ငံ၏ အာဆီယံအဖွဲ့ဝင် လျှောက်ထားမှုကို မြန်မာနိုင်ငံက အာဆီယံပဋိညာဉ်ပါ အခြေခံမူများကို လိုက်နာခြင်းမရှိ၍ ကန့်ကွက်ကြောင်း အာဆီယံအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများထံ စာရေးသားပေးပို့ခဲ့သည်။ တီမောလက်စ်တေသည် အခြားနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမပြုပါကြောင်းနှင့် အာဆီယံပဋိညာဉ်ပါ အခြေခံမူများကို အပြည့်အဝလေးစားလိုက်နာမည်ဖြစ်ပါကြောင်း အကြိမ်ကြိမ် ကတိကဝတ်ပြုခဲ့သည့်အတွက် တီမောလက်စ်တေ၏ အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် လျှောက်ထားမှုကို မြန်မာနိုင်ငံသည် ဆက်လက်ကန့်ကွက်ခြင်း မပြုတော့ဘဲ ရုပ်သိမ်းပေးခဲ့သည်။

ဤသို့ဖြင့် အာဆီယံအသင်းသို့ နောက်ဆုံးဝင်ရောက်လာသည့် တီမောလက်စ်တေနိုင်ငံသည် တည်ဆဲအစိုးရကို ဆန့်ကျင်နေသည့် ချင်းလူ့အခွင့်အရေးအဖွဲ့ကို ယခုနှစ် ဇန်နဝါရီ ၁၄ ရက်က လက်ခံတွေ့ဆုံ၍ ဒေသတွင်းတရားမျှတမှုနှင့် တာဝန်ခံမှုရှိရေး ဆွေးနွေးခဲ့သည်။ တီမောလက်စ်တေနိုင်ငံသည် အာဆီယံပဋိညာဉ်ပါ အခြေခံမူများနှင့်အညီ အခြားနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်သည့် အပြုအမူများ ဆောင်ရွက်မည်မဟုတ်ကြောင်း အကြိမ်ကြိမ်ကတိပြုခဲ့သော်လည်း မြန်မာနိုင်ငံ၏ တည်ဆဲအစိုးရကို တီမောလက်စ်တေ၏ Public Prosecutor's Office တွင် တရားစွဲဆိုတိုင်ကြားမည့် ချင်းလူ့အခွင့်အရေးအဖွဲ့ကို တီမောလက်စ်တေသမ္မတက လက်ခံတွေ့ဆုံ၍ အားပေးအားမြှောက်ပြုခြင်းသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းပင်ဖြစ်သည်။

မြန်မာအစိုးရသည် ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ရာရောက်သည့် တီမောလက်စ်တေနိုင်ငံ၏ အဆိုပါထိတွေ့ ဆက်ဆံမှု၏ အကြောင်းအရာ၊ သဘောသဘာဝနှင့် အကျိုးဆက်များအပေါ် ကန့်ကွက်ပြီး တရားဝင်ဆန့်ကျင်ခဲ့သည်။ သတင်းမှားများဖြန့်ဝေ၍ မတည်ငြိမ်မှုများကို လှုံ့ဆော်ရန်ကြိုးပမ်းကာ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးကို ရည်ရွယ်ချက်ရှိရှိ ထိခိုက်စေရန်ဆောင်ရွက်နေသည့် အစိုးရဆန့်ကျင်ရေးအဖွဲ့များနှင့် တီမောလက်စ်တေအစိုးရ တရားဝင်ထိတွေ့ဆက်ဆံခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားရန်နှင့် အခြားအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမှရှောင်ကြဉ်ရန် ပြဋ္ဌာန်းထားသည့် အာဆီယံပဋိညာဉ်ပါ အခြေခံမူများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းပင်ဖြစ်ပါသောကြောင့် သိက္ခာမဲ့သောရှက်ဖွယ်အမှုကို ကျူးလွန်ခဲ့သည့်အတွက် တီမောလက်စ်တေ၏လုပ်ရပ်အား ကန့်ကွက်ရှုတ်ချပါကြောင်း ရေးသားအပ်ပါသည်။

ကြို့ပင်ကောက်မြို့နယ် အုန်းတောကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

ကြို့ပင်ကောက် ဇန်နဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းတောကျေးရွာအုပ်စု အုန်းတောကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် အတူ အုန်းတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်း ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ အုန်းတောကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည် ၇၉၅ ပေ၊ အကျယ် နှစ်ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာ ပြည်သူထည့်ဝင်ငွေ ကျပ် ၃၈ ဒသမ ၄ သိန်း စုစုပေါင်းငွေကျပ် ၁၈၈ ဒသမ ၄ သိန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သန်းလွင်(မကွေး)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး ဘာသာရပ်အလိုက် ဆွေးနွေးပို့ချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေး

မန္တလေး ဇန်နဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အခြေခံပညာအထက်တန်းကျောင်းများ၌ မန္တလေးတက္ကသိုလ်မှ ပါမောက္ခဆရာ၊ ဆရာမများက Grade-12 ဘာသာသင်ကြားနေသော ဆရာ၊ ဆရာမများအား ဘာသာရပ်အလိုက် ဆွေးနွေးပို့ချပေးနေမှုများကို ဇန်နဝါရီ ၁၉ ရက် မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး ဘာသာရပ်အလိုက် ဆွေးနွေးပို့ချပေးနေသည့် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်းများသို့သွားရောက်ကြည့်ရှုကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အလေးထားကာ အားပေးဆောင်ရွက်ပေးနေကြောင်း၊ ဆရာ၊ ဆရာမများသည် နိုင်ငံ၏ ပညာတတ်မြောက်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသူများဖြစ်ပြီး သင်ကြားသူနှင့် သင်ယူသူ ဟန်ချက်ညီနေရန် လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးနှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးမြင့်ထွန်းတို့က တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ မန္တလေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး မန္တလေးတက္ကသိုလ်မှ ပါမောက္ခဆရာ၊ ဆရာမများက ဘာသာရပ်အလိုက် ဆွေးနွေးပို့ချပေးနေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် မြင့်မားရေးအတွက် မန္တလေးတက္ကသိုလ်မှ ပါမောက္ခဆရာ၊ ဆရာမများ၊ အခြေခံပညာ အထက်တန်းကျောင်းများမှ အထက်တန်းပြဆရာ၊ ဆရာမများကို ရင်းနှီးစွာနှုတ်ဆက်အားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ရေကြည် ဇန်နဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ်ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလ အတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၆၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းနေကြောင်း သိရသည်။

''ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ဘက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ဒီဇင်ဘာလ အတွင်း ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ဆန်ကွဲတွေကို ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းက ဝယ်လိုအား သိသိသာသာ တက်ခဲ့တာကြောင့် တောင်သူတွေ အဆင်ပြေပါတယ်''ဟု ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၅၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ဆန်ကွဲများ တင်ပို့ရောင်းချအား ကောင်းလာခြင်းကြောင့် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အင်္ဂါးလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံများဖွင့်လှစ်ပြင်ဆင်ထားရှိမှုနှင့်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေး

မန္တလေး ဇန်နဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင်ပါဝင်သည့် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ရှစ်မြို့နယ်ပါဝင်ပြီး အဆိုပါမြို့နယ်များအနက်မှ ချမ်းမြသာစည်မြို့နယ်တွင် မဲရုံများဖွင့်လှစ်ပြင်ဆင်ထားရှိမှု၊ ဓမ္မာရုံရှိမဲရုံများကို ပြောင်းရွှေ့ဖွင့်လှစ်ပြင်ဆင်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးရာတွင် ချမ်းမြသာစည်မြို့နယ်ရှိ မြို့သစ် အမှတ် (၁) ရပ်ကွက်တွင် သူနာပြုတက္ကသိုလ်(မန္တလေး)၊ မြို့သစ်အမှတ်(၃) ရပ်ကွက်တွင် အမှတ် (၃၀)အခြေခံပညာအထက်တန်းကျောင်း၊ မြို့သစ်အမှတ်(၂) ရပ်ကွက်တွင် အမှတ်(၁၃)အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ မြို့သစ်အမှတ် (၅)ရပ်ကွက်တွင် အမှတ်(၂၆)အခြေခံပညာအထက်တန်းကျောင်း၊ မြို့သစ်အမှတ်(၄) ရပ်ကွက်တွင် အမှတ်(၃)ခြေခံပညာအထက်တန်းကျောင်း (ခွဲ)၊ မြရည်နန္ဒာရပ်ကွက်တွင် စည်ပင်ညဈေး ရှေ့ထိပ်နှင့်နောက်ထိပ်၊ အောင်သာယာ ရပ်ကွက်တွင် အမှတ် (၃၆)အခြေခံပညာအထက်တန်းကျောင်း၊ အောင်ပင်လယ် ရပ်ကွက်တွင် စိတ်ကူးသစ်ကိုယ်ပိုင်ကျောင်း၊ အမှတ်(၂၈) အခြေခံပညာအထက်တန်းကျောင်း စသည်တို့တွင် မဲရုံများ ဖွင့်လှစ်ပြင်ဆင်ထားရှိမှုများနှင့် မူလသတ်မှတ်ဓမ္မာရုံများ ဖြစ်သည့် အောင်ရတနာဓမ္မာရုံ၊ အောင်ချမ်းအေးဓမ္မာရုံ၊ ဓမ္မသာလဓမ္မရုံ၊ မဟာအောင်မြေဓမ္မာရုံ၊ အောင်ချမ်းသာဓမ္မာရုံနှင့် မင်းဗန္ဓုဓမ္မာရုံ အစရှိသည့်ဓမ္မာရုံတို့တွင် လျာထားမဲရုံများကို ပြောင်းရွှေ့ဖွင့်လှစ်ပြင်ဆင်ထားရှိမှုများနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ မဲရုံများသို့ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်မှ တာဝန်ရှိသူများကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၃) အောင်မြင်စွာကျင်းပသွားနိုင်ရေး၊ ဆန္ဒမဲပေးသူများ ဆန္ဒမဲပေးရာတွင် သက်သောင့်သက်သာရှိပြီး စိတ်ချမ်းသာမှုဖြင့် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အားလုံးအလေးထားဆောင်ရွက်သွားရန်၊ မဲရုံနှင့် မဲပေးသည့်အင်အား အဆင်ပြေစေရေး၊ အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်ရေး၊ မဲရုံမှူးများ၊ ဒုမဲရုံမှူးများနှင့် မဲရုံများတွင် တာဝန်ထမ်းဆောင်ကြသူများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို သေချာနားလည်စွာသိရှိထားပြီး ပိုမိုကောင်းမွန်အောင် တိုးမြှင့်လုပ်ဆောင်သွားကြ ရမည်ဖြစ်ကြောင်း၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း မှာကြားပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်၌ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး အတွင်း မြို့နယ်ရှစ်မြို့နယ်၌ ရပ်ကွက်၆၀ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၆၈ အုပ်စုပါဝင်ကာ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၆၃၄၃၃၉ ဦး အတွက် မဲရုံပေါင်း ၅၅၆ ရုံကို စနစ်တကျ ဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်ထားရှိပြီး အဆိုပါမြို့နယ်များအနက် ချမ်းမြသာစည်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၄၂၄၁၂ ဦးအတွက် မဲရုံပေါင်း ၈၇ ရုံဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

မျိုးကျော်

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

ရေဦး ဇန်နဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၁၉၀၄၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲဧက ၁၉၀၄၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာတော့ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တန့်ဆည်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေး အတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ပေးခြင်းတို့ကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အောင်နိုင်တိုးစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ဟင်္သာတ ဇန်နဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အောင်နိုင်တိုးစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟင်္သာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြ၍ သိရသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက အောင်နိုင်တိုးစပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အောင်နိုင်တိုးစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါစပါးအမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၃၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့လအတွင်း အောင်နိုင်တိုးစပါးတင်းရေ တော်တော်များများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဟင်္သာတမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ အောင်နိုင်တိုးစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အကြမ်းဆိုပေမဲ့လဲ လူအများစုကြိုက်နှစ်သက်ပြီး စားလို့ကောင်းတဲ့စပါးဖြစ်ပါတယ်။ အောင်နိုင်တိုးစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု ဟင်္သာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အောင်နိုင်တိုးစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း ဟင်္သာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ပုဂံကျောက်စာများထဲက ကလသာအိုး

မောင်သာ(ရွှေဟောင်းသုတေသန)

ပုဂံရွှေစည်းခုံစေတီ၏ ကလသာအိုး

ကမ္ဘာ့အမွေအနှစ်နှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသဖြစ်သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် စေတီပုထိုးများ လက်ညှိုးထိုးမလွဲတည်ရှိနေသည့် အဝန်းအဝိုင်းတစ်ခုအဖြစ် ထင်ရှားကျော်ကြားကာ မြန်မာနိုင်ငံ၏ အထင်ရှားဆုံးခရီးသွားနယ်မြေအဖြစ် ကမ္ဘာအနှံ့ လူသိများခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် တည်ရှိသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း၌ ရှေးဟောင်းစေတီပုထိုး ၄၄၄၆ ဆူ ရှိခဲ့သည်။ သို့သော် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကောက်ယူထားသော စာရင်းများအရ လက်ရှိအချိန်တွင် ပုဂံယဉ်ကျေးမှုနယ်မြေ၌ မတူးဖော်ရသေးသည့် ကုန်းများအပါအဝင် ရှေးဟောင်းစေတီပုထိုး အဆောက်အအုံ ၃၇၃၈ ဆူ ကျန်ရှိနေသည်။

များပြားလှသော စေတီပုထိုးများသည် တစ်ဆူနှင့်တစ်ဆူ တူညီမှုမရှိခြင်းသည် ပုဂံဗိသုကာလက်ရာ၏ ထူးခြားပြောင်မြောက်မှုကို သက်သေထူနေသည်။ ပညာရှင်များက ပုဂံစေတီပုထိုးများကို ယေဘုယျအားဖြင့် လိုဏ်ပါသည့် စေတီအဆောက်အအုံ (Temple) နှင့် လိုဏ်မပါသည့် ဂူဘုရားအဆောက်အအုံ(Stupa) ဟု ခွဲခြားသည်။ ပုဂံအဆောက်အအုံများတွင် စေတီများနှင့် တစ်ထပ်မှ လေးထပ်အထိရှိသော ဂူဘုရားများအပြင် ဥမင်များ၊ တစ်ထပ်ကုလားကျောင်းများ၊ ပိဋ္ဌကတ်တိုက်များနှင့် သိမ်များပါဝင်သည်။ ၎င်းတို့ကို အကြမ်းအားဖြင့် ၁၁ ရာစုမတိုင်မီ ပုဂံခေတ်ဦး လက်ရာ၊ ၁၁ ရာစုလက်ရာ၊ ၁၂ ရာစုလက်ရာနှင့် ပုဂံနောင်းပိုင်း ၁၃ ရာစုလက်ရာဟု ပိုင်းခြားနိုင်သည်။

ပုဂံခေတ်ဦးစေတီပုထိုးများ

၁၁ ရာစုမတိုင်မီ ပုဂံခေတ်ဦးပိုင်းကာလတွင် စေတီများကို ပုဂံခေတ်၏ ရှေ့ပြေးဗိသုကာလက်ရာများဖြစ်သည့် သရေခေတ္တရာမှ ဘောဘောကြီး၊ ဘုရားမာ၊ ဘုရားကြီး စသည်တို့ကဲ့သို့ ပြောင်းတိုင်ပုံ၊ ထုလုံးရှည်တောင်ပုံတို့ကို အခြေတည်လျက် ပုံစံအနည်းငယ်ပြောင်းလဲ တည်ဆောက်ခဲ့သည်။ သရေခေတ္တရာရှိ ဘောဘောကြီးစေတီနှင့် အနီးစပ်ဆုံးတူသည့် ပုဂံစေတီသည် ငကျွဲနားတောင်းဖြစ်၍ သဗ္ဗညုဘုရား၏အနောက်ဘက်တွင် တည်ရှိသည်။

ပျူခေတ်လက်ရာ ဘောဘောကြီးစေတီတွင် မျက်မှောက်ခေတ်စေတီများကဲ့သို့ ၄ဂက်ပျောဖူး၊ ကြာလန်ကြာမှောက်၊ ဖောင်းရစ်၊ သပိတ်မှောက် စသည်တို့ မပါရှိသကဲ့သို့ ထီးတင်ထားခြင်းလည်း မရှိဘဲ စေတီ၏ကြီးမားသည့် လုံးတော်ကို ဦးစားပေး တည်ဆောက်ခဲ့သည်။ ဘောဘောကြီးနှင့် ပုံစံတူ တည်ဆောက်ခဲ့သည့် ငကျွဲနားတောင်း (ပုဂံဘုရားအမှတ်-၁၆၀၃) စေတီကို အဆင်တန်ဆာများမပါရှိဘဲ စဉ်ရည်သုတ်ထားသည့် အုတ်များဖြင့် တည်ဆောက်ခဲ့သည်။

ပုဂံမြို့သစ်ရှိ လေးဆူတန်းစေတီများသည် ပျူလက်ရာဟန်စေတီတော်များနှင့် ဆင်တူသည်။ သို့သော် ပျူစေတီများကဲ့သို့ အထက်သို့ တစ်ဖြောင့်တည်း တက်မသွားဘဲ ပစ္စယာ၌ စိန်ပန်းများနှင့် ကိုယ်လုံးအောက်ခြေ၌ အင်္ဂတေကြာပန်းကွက်များ တန်ဆာဆင်ထားသည်။

ပုဂံခေတ်ဦးပိုင်း စေတီတစ်ဆူဖြစ်သည့် ဗူးဘုရားသည် ၁၉၇၅ ခုနှစ်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ဧရာဝတီမြစ်အတွင်းသို့ ကျသွားခဲ့သည်။ မူလဗူးဘုရားတွင် ပစ္စယာတစ်ဆင့်ခံပြီး ဖောင်းရစ်များ မပါရှိသည့် ကိုယ်လုံးတော်အထက်တွင် ခရေသီးကို အထွတ်တင်ခဲ့သည်။ အေဒီ သုံးရာစုတွင် ပျူစောထီးမင်း တည်ထားခဲ့သည်ဟု ယူဆကြသည့် ဗူးဘုရားသည် ပျူခေတ်လက်ရာစေတီများကဲ့သို့ပင် အဆင်တန်ဆာများ မပါရှိချေ။

၁၁ ရာစုမတိုင်မီ တည်ဆောက်ခဲ့သည့် ပုဂံစေတီများသည်အဝိုင်းပုံပန္နက်အပေါ်၌ပစ္စယာခံ၍ တည်ထားသည့် သပိတ်မှောက်ပုံ လုံးတော်များဖြစ်ကြသည်။ ၎င်းစေတီများသည် ဖောင်းရစ်အပါအဝင် မွမ်းမံမှုများနည်းပါးကာ ရိုးရှင်းသည့် ပုံစံများသာဖြစ်ကြသည်။ ထိုအချိန်တွင် စေတီနှင့်ဂူဘုရားများတွင် ကလသာအိုးကို ထည့်သွင်းတည်ဆောက်မှု မရှိသေးချေ။

၁၁ ရာစု ပုဂံဘုရားများ

ပျူနှင့် မြန်မာအကူးအပြောင်းကာလ လက်ရာဟုယူဆသည့် လောကနန္ဒာစေတီသည်အနော်ရထာမင်း တည်ခဲ့သည့် တတိယမြောက် စွယ်တော်စေတီဖြစ်သည်။ လောကနန္ဒာကို သရေခေတ္တရာရှိ ဘောဘောကြီးစေတီပုံကို မြန်မာမှုဟန်ဆန်းသစ်လျက် ဖောင်းရစ်များတွင် ဆက္ကဝလိထီးဆင့်များကို ခုံးလျှောတစ်လှည့်၊ အဖောင်းတစ်လှည့် ပြုလုပ်ခဲ့သည်။ စေတီတော်အောက်ခံပန္နက်သည် ရှစ်ဖြောင့်ဖြစ်၍ ခေါင်းလောင်းအနားကို ပုံဖော်ထားသည်။ ရှည်မျောမျော ခေါင်းလောင်းကိုယ်ထည်အလယ်၌ ခါးပတ်ဖောင်းလိုင်းနှင့် ဖောင်းရစ်များထည့်သွင်းထားကာ ကြာလှန်ကြာမှောက်နှင့် ခရေသီးတို့ကိုလည်း အချိုးကျနပြေပြစ်စွာပြုလုပ်ခဲ့သည်။

၁၁ ရာစုစေတီများတွင် အင်္ဂတေအပြောက်အမွမ်းများကို စတင်မြင်တွေ့ကြရပြီး ၁၁ ရာစုအလယ်တွင် တည်ဆောက်ခဲ့သည့် ရွှေစည်းခုံစေတီတော်၏ ဗိသုကာလက်ရာကို ၁၁ ရာစု၏ ပုဂံဗိသုကာအထွတ်အထိပ်ဟုဆိုကြသည်။ ရွှေစည်းခုံစေတီ၏အောက်ခြေ လေးထောင့်ပစ္စယာပန္နက်ကို အထက်ရှိ ခေါင်းလောင်းပုံစေတီနှင့် ဆက်စပ်ရာတွင် အချိုးကျပြေပြစ်စေရန် ခိုနန်းချိုးများကို ထည့်သွင်းခဲ့သည်။

စေတီဖောင်းရစ်များကို ခုံးလျှောတစ်လှည့်၊ အဖောင်းတစ်လှည့်၊ အပြားတစ်လှည့် ပြုလုပ်ခြင်းသည် ပုဂံခေတ် ၁၁ ရာစုလက်ရာ စေတီများ၏ထူးခြားသော ဗိသုကာဟန်ဖြစ်သည်။ ထို့အတူ ရွှေစည်းခုံစေတီတွင် ကလသာအိုးကို ထည့်သွင်းတည်ဆောက်ခဲ့ရာ ပုဂံစေတီများအနက် ကလသာအိုးပါရှိသည့် ပထမဆုံးစေတီသည် ရွှေစည်းခုံစေတီဖြစ်သည်။

ကလသာအိုး

ကလသ(Kalaśa)သည် ပါဠိဘာသာစကားဖြစ်၍ အထူးပြုလုပ်ထားသောအိုး၊ ရေအိုးဟု အဓိပ္ပာယ်ရသည်။

ပါဠိမြန်မာစကားတွဲအဖြစ် ကလသာအိုးဟု ခေါ်တွင်ကြသည်။ ကလသာအိုးသည် ပဋ္ဌိသန္ဓေရင့်မာသည့် အမိဝမ်း၏ပုံသဏ္ဌာန်နှင့်တူညီကာ တိုးပွားပြည့်စုံခြင်းသဘောကိုဆောင်သည်ဟု ညွှန်းဆိုသည်။

ဟိန္ဒူဘာသာဘုရားရှိခိုးကျောင်းများတွင် မိမိပြုသည့်ကောင်းမှု အဆောက်အအုံကို အစဉ်တည်မြဲစေလိုသည့် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ ထိုနေရာသည် နိဗ္ဗာန်သို့ ပို့ဆောင်နိုင်စွမ်းသည့်သဘောကို ဆောင်စေလို၍လည်းကောင်း၊ အမြိုက်ရေထည့်သည့် ကလသာအိုး (အမြိုက်အိုး)များကို အမိုးထိပ်တွင် စီတန်းတန်ဆာဆင်လေ့ရှိသည်။

ပုဂံခေတ်တွင် ကလသာအိုးပုံနှင့်တူသောစေတီကိုတည်သည်။ ဂူဘုရားစကြိုပတ်လည်ကိုလည်း ကလသာအိုးပုံ ဖော်သည်။ ဤသို့ဖြင့် လူမျိုးတစ်မျိုးနှင့်တစ်မျိုး စာပေချင်း၊ ဘာသာအယူဝါဒချင်း၊ ယဉ်ကျေးမှုအနုပညာချင်း ကူးလူးဆက်ဆံပုံကိုသိရကြောင်း မြန်မာစာပါမောက္ခ ဒေါ်သန်းဆွေက သုံးသပ်ရေးသားခဲ့သည်။

ပုဂံခေတ်စေတီတည်ဆောက်မှု ဗိသုကာပညာတွင် ကလသာအိုးကို စေတီအထွတ်တွင် အလှဆင်ထည့်သွင်းတည်ဆောက်ခဲ့ကြသည်။ ထို့ကြောင့် ရွှေစည်းခုံစေတီတွင် ကလသာအိုးကို ပထမဆုံး မြင်တွေ့ရသည်။ ထိုအချိန်သည် ပုဂံသို့ အိန္ဒိယယဉ်ကျေးမှုရောက်ရှိပျံ့နှံ့ချိန်ဖြစ်ရာ အိန္ဒိယဗိသုကာဟန်နှင့် ပျူဗိသုကာဟန်ကိုပေါင်းစပ်၍ စေတီထီးနှင့် ဟာမိက(ဓာတ်တော်တိုက်)ကြားတွင် ကလသာအိုးကို ထည့်သွင်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ပုဂံခေတ်ဦးပိုင်းတွင်တည်ခဲ့သည့် ပျူလက်ရာဟန်စေတီများတွင်မူ ကလသာအိုးမပါရှိချေ။

ကလသာအိုးကို စေတီတွင်ထည့်သွင်းတည်ဆောက်ခြင်းသည် ဗိသုကာပိုင်းအလှဆင်ခြင်းနှင့် ဘာသာရေးဆိုင်ရာ နိမိတ်လက္ခဏာကြောင့်ဖြစ်သည်။ ကလသာအိုးကို စေတီများတွင်သာမက အာနန္ဒာကဲ့သို့ ဂူဘုရားများတွင်လည်း ပြုလုပ်ခဲ့ရာ ကလသာအိုးကို ဘုရားအထက်ပိုင်း ကွမ်းတောင်၏ ထိပ်ဖူးအထွတ်အဖြစ်မြင်တွေ့ရသည်။(ကွမ်းတောင်သည် ဂူဘုရားများတွင် ပစ္စယာအထက်၊ ထီးအောက်ရှိအစိတ်အပိုင်းဖြစ်သည်။)

> ❖ ကလသ(Kalaśa)သည် ပါဠိဘာသာစကားဖြစ်၍ အထူးပြုလုပ်ထားသောအိုး၊ ရေအိုးဟု အဓိပ္ပာယ်ရသည်။ ပါဠိမြန်မာစကားတွဲအဖြစ် ကလသာအိုးဟု ခေါ်တွင်ကြသည်။ ကလသာအိုးသည် ပဋ္ဌိသန္ဓေရင့်မာသည့် အမိဝမ်း၏ပုံသဏ္ဌာန်နှင့်တူညီကာ တိုးပွားပြည့်စုံခြင်းသဘောကိုဆောင်သည်ဟုညွှန်းဆိုသည်။ ဟိန္ဒူဘာသာဘုရားရှိခိုးကျောင်းများတွင် မိမိပြုသည့်ကောင်းမှု အဆောက်အအုံကို အစဉ်တည်မြဲစေလိုသည့် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ ထိုနေရာသည် နိဗ္ဗာန်သို့ ပို့ဆောင်နိုင်စွမ်းသည့်သဘောကိုဆောင်စေလို၍ လည်းကောင်း၊ အမြိုက်ရေထည့်သည့် ကလသာအိုး(အမြိုက်အိုး)များကို အမိုးထိပ်တွင် စီတန်းတန်ဆာဆင်လေ့ရှိသည်။ ❖

ထို့ကြောင့် စေတီ၏အထွတ်အထိပ်တွင် ကလသာအိုးကို ပုံဖော်ခြင်းသည် ဗုဒ္ဓဂုဏ်တော် ပြည့်စုံမှုနှင့် သာသနာတော် တိုးပွားတည်တံ့မှုကို သင်္ကေတပြုသခြင်းဖြစ်သည်ဟု ဆိုသည်။

ဗိသုကာပညာရပ်အမြင်အရ ကလသာအိုးကို ဟာမိက(ဓာတ်တော်တိုက်)နှင့် ထီးတော်ကြားတွင် ထည့်သွင်းခြင်းသည် အမြင်တင့်တယ်မှုနှင့် တောင့်တင်းမှုကို ချိတ်ဆက်ပေးကာ ဗဟိုချက်ညီမျှကို ဖြစ်စေသည်။

ပုဂံခေတ်လယ် ၁၂ ရာစုတွင် တည်ဆောက်သည့် စေတီများတွင် ကလသာအိုးကို ပစ္စယာထောင့်လေးထောင့်တွင် ပြုလုပ်ခဲ့ကြသည်။ စေတီထောင့်လေးထောင့်ရှိ ကလသာအိုးများသည် မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးကို ထိန်းညှိပေးသည့် သဘောဟုယူဆမှုများရှိသည်။ ထို့အတူ စေတီ၏မင်္ဂလာအိုးလေးလုံးဟုလည်းကောင်း၊ အန္တရာယ်များကို အကာအကွယ်ပေးသည့် သင်္ကေတဟုလည်းကောင်း ယူဆမှုများရှိခဲ့သည်။

စေတီများတွင် ကလသာအိုးထည့်သွင်းသည့် ဧလေ့ကို အင်းဝခေတ်တွင်လည်း အသုံးပြုခဲ့ရာ အင်းဝခေတ်လက်ရာ ကလသာအိုးများသည် ရှည်လျား၍ သေးသွယ်ကြသည်။ တောင်ငူခေတ်တွင် ကလသာအိုးကို ကြာပန်းပုံပြုလုပ်၍ ကုန်းဘောင်ခေတ်တွင် ကလသာအိုးသည် အရွယ်အစားကြီးမားကာ အလှဆင်မှုများထည့်သွင်းပြုလုပ်ခဲ့ကြသည်။

ကလသာအိုးအယောင်

ပုဂံခေတ်ထိုးကျောက်စာများတွင် ဂူဘုရားများတည်သည့် မှတ်တမ်းကိုရေးထိုးရာ၌ ကလသာအိုး၊ ကလသာအိုးအယောင်ဟူသည့် စကားလုံးကို မကြာခဏတွေ့ရှိရသည်။

ပုဂံ မင်းနန်သူရွှာရှိ လေးမျက်နှာဘုရားကျောက်စာရုံတွင်စိုက်ထူထားသည့် မဟာသေနာပတိ အနန္တသူရမောင်နံ့ ကျောက်စာတွင် ပုဂံအာမနာအရပ်၌ ဂူဘုရားတည်ခဲ့ပုံကို ရေးထိုးထားသည်။ ထိုကျောက်စာကို သက္ကရာဇ် ၅၈၅ ခုနှစ်တွင် ရေးထိုးခဲ့ကာ စာကြောင်း (၇)နှင့်(၈) တွင် "တံတိုင်းအတွင်း၌ကား ကလသာအိုးအယောင်နှင့်တူသော တင့်တယ်စွာသော စကြိုထက်ဂူလည်းတည်၏" ဟု ဖတ်ရှုရသည်။

သက္ကရာဇ် ၆၂၂ ခုနှစ်တွင် ရေးထိုးသည့် နရသီဟပတေ့မင်းနှင့် အရီးစောကျောက်စာတွင် သစ်မထီးအရပ်၌ ဂူဘုရားတည်ပုံကို ရေးထိုးထားရာ စာကြောင်း (၇)နှင့်(၈)တွင် "တံတိုင်းနှစ်ထပ်ရံလတ်၍ တံတိုင်းတွင် ကလသာအိုးနှင့်တူသော စကြိုထက် တင့်တယ်စွာသော ဂူလည်းတည်လတ်၍"ဟု ဖတ်ရှုရသည်။

ထို့အတူ သက္ကရာဇ် ၆၃၆ ခုနှစ်တွင် ရေးထိုးသည့် တရုတ်ပြေးမင်းကြီး၏ အမတ်ကျောက်စာတွင် အာမနာအရပ်၌ ဂူဘုရားတည်ပုံကို စာကြောင်း(၈)နှင့်(၉)တွင် "ထိုတံတိုင်းတွင် ကလသာအိုးနှင့်တူသော စကြိုနှင့် ဂူလည်းပြု၏" ဟု ရေးထိုးထားသည်။

ကျောက်စာပါ စာသားများအရ ကလသာအိုးနှင့်တူသော ဂူ၊ ကလသာအိုးနှင့်တူသော စကြိုဟုနားလည်နိုင်သော်လည်း တိကျသော အဓိပ္ပာယ်နည်းပါးနေသေးပေသည်။

စာမျက်နှာ ၅ သို့ á

၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း၂၁၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကလေးဝ ဇန်နဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပြောင်း ၂၁၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၅၄၄ ဧကနှင့် ဖူးစားပြောင်း ဧက ၁၆၁၀ စုစုပေါင်း ၂၁၅၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၅၄၈ ဧကနှင့် ဖူးစားပြောင်းဧက ၁၅၈၀ စုစုပေါင်း ၂၁၂၈ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ ပြောင်း ၂၁၅၄ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ၂၁၂၈ ဧကထိ စိုက်ပျိုး ပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်အောင်၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်ပေးနေပါတယ်" ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးဝမြို့နယ်၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျပြီး ဖူးစားပြောင်း တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

á **စာမျက်နှာ ၄ မှအဆက်**

မဟာသေနာပတိ အနန္တသူရကွယ်လွန်ပြီးနောက် ကျန်ရစ်သူဇနီးက သက္ကရာဇ် ၅၈၉ ခုနှစ်တွင် စေတီနှစ်ဆူကိုတည်ကြောင်း မဟာသေနာပတိ အနန္တသူရမောင်နှံကျောက်စာ(သက္ကရာဇ် ၅၈၉ ခုနှစ်)ကို ရေးထိုးခဲ့သည်။ကျောက်စာစာကြောင်း (၇)နှင့်(၈)တွင် "ကလသာအိုးအယောင်နှင့် တူသော စကြီ်ကိုပြု၍ စကြီ်ထက်တင့်တယ်စွာသော စေတီနှစ်လုံးတည်လတ်"ဟု ရေးထိုးခဲ့သည်။

ထိုအလှူရှင်တို့၏ ဂုဏ်ရေးများသည် ယနေ့တိုင်တည်ရှိနေရာ စကြီ်ခုံမြင့်၏ နံရံပတ်လည်၌ အထူးသဖြင့် ထောင့်လေးထောင့်တွင် ကလသာအိုးပုံကို ဖော်ထားကြောင်းတွေ့မြင်ကြရသည်။ ထို့ကြောင့် ကလသာအိုးအယောင်သည် ကလသာအိုးနှင့်တူသည့် စကြီ်၊ ထောင့်လေးထောင့်တွင် ကလသာအိုးပြုလုပ်ထားသည့် စကြီ်ဖြစ်ကြောင်း သိရှိရပေသည်။ သို့သော် ဂုဏ်ရေးတိုင်းတွင် ကလသာအိုးပါရှိသည်ကား မဟုတ်ချေ။

စေတီပုထိုးများ အရေအတွက် ထောင်နှင့်ချီရှိနေသော်လည်း ပုဂံစေတီပုထိုးများသည် တစ်ဆူနှင့်တစ်ဆူ တူညီခြင်းမရှိကြဘဲ အခြေခံတည်ဆောက်ပုံစနစ်မှလွဲ၍ ဗိသုကာဟန်များ ကွဲပြားကြသည်။ ခေတ်အလိုက် တည်ဆောက်ပုံများကွဲပြားခဲ့သည့် ပုဂံစေတီပုထိုးများသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ကမ္ဘာ့ကျော်ထင်ရှားခဲ့ကာ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် အဇာတိုင်ဂျန်နိုင်ငံ၌ ကျင်းပခဲ့သည့် ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေးက ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ် (World Heritage) အဖြစ် အသိအမှတ်ပြုခဲ့ပေသည်။

ကိုးကား

- **ပုဂံခေတ် ဗိသုကာလက်ရာများ(မင်းဘူးအောင်ကြိုင်)**
- **ပုဂံစေတီပုထိုးများ ဗိသုကာနှင့် အနုလက်ရာ(ဦးမျိုးညွန့်)**
- **မြန်မာဘာသာစကား၊မြန်မာကျောက်စာစာတမ်း(ဒေါ်သန်းဆွေ)**
- **ရှေးဟောင်းမြန်မာကျောက်စာများအတွဲ(၁)(၂)(၃)**

ချစ်ခြင်းဖြင့်သာ လျှောက်လှမ်းရာ

- ချစ်ခြင်းဖြင့် အောင်ပန်းဖြာ
ထွေးဖက်ကာ ကိုယ်စီလှမ်း၊
မန္တမ်းမဖောက်မယိုင်
လှမ်းလျှောက်နိုင် စဉ်ချမ်းမြေ
ချောမွေ့ဖြောင့်တန်း။

- ချစ်ခြင်းဖြင့် အောင်ပွဲသာ
ပွေ့ဆုပ်ကာ ကိုယ်စီမြန်း၊
စွဲကျင့်ပိုင်ကာ
ပွဲတင့်မြိုင်စွာ စဉ်မွေ့သိပ်
အေးရိပ်ခြုံလွှမ်း။

- ချစ်ခြင်းဖြင့် အောင်နိုင်စွာ
ထိန်းမတ်ကာ ကိုယ်စီမှန်း၊
လက်တွဲညီညီ
ခက်ခဲမသီ စဉ်ပေါက်ရောက်
ပြီးမြောက်အောင်ပန်း။

- ဘဝတာ ခရီးလမ်း
ကျော်ဖြတ်သန်း လှမ်းစဉ်ခါ၊
လောကီဘောင် အကြောင်းတရားတို့
ထွေပြားကြုံမှာ၊
ဆုံကြတုန်း ခဏတာ
ငြိမ်းချမ်းစွာ ရပ်တည်ရေး၊
ချစ်ခြင်းဖြင့်သာ
ပြစ်မကင်း မသင့်ရာ
တွေးချင့်ကာ စည်းခြားထားလေမှ
ဟန့်တားဖွယ် အဆီးအတားမှန်သမျှ
တုံ့ပြန်နှင် ကျော်လွှားသွားနိုင်လိမ့်
မေတ္တာခြုံ ကိုယ်စီပွားလို့
နှလုံးသားဖြူ အလှတရားနဲ့
ခံ့ညားအောင် လမ်းထွင်ဖောက်ရင်း
လျှောက်လှမ်းကြလေး။ ။

မောင်မောင်ထွန်း (ပန်းပျိုးအိမ်)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

နိုင်ငံတကာ သတင်းများ

ဗီဟာပြည်နယ် လွှတ်တော်အမတ် နိတင်နာဘင်းကို ပါတီဥက္ကဋ္ဌသစ်အဖြစ် ဘရာတီယာဂျနေတာပါတီ ရွေးချယ်

ဒေလီ ဇန်နဝါရီ ၂၀

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၏ ဘရာတီယာဂျနေတာပါတီ (ဘီဂျေပီ)သည် အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဗီဟာပြည်နယ်မှ လွှတ်တော်အမတ်တစ်ဦးကို ပါတီဥက္ကဋ္ဌအဖြစ် ယနေ့တွင် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အသက် ၄၅ နှစ်ရှိ နီတင်နာဘင်းသည် ဘရာတီယာဂျနေတာပါတီ အတွက် အသက်အငယ်ဆုံး ပါတီဥက္ကဋ္ဌဖြစ်သည်။

ဗီဟာပြည်နယ် လွှတ်တော်အမတ် နီတင်နာဘင်းသည် ဘရာတီယာဂျနေတာပါတီ အကြီးအကဲနေရာကို လက်ရှိပါတီဥက္ကဋ္ဌ ဂျေပီနာဒါးထံမှ လက်လွှဲရယူမည်ဖြစ်သည်။

ဘရာတီယာဂျနေတာ ပါတီသည် အဓိကပြည်နယ်ကြီးများ၌ ရွေးကောက်ပွဲမဂျင်းပမီ ပါတီဥက္ကဋ္ဌ အသစ်အဖြစ် အနောက်ဘင်ဂေါလ်ပြည်နယ် လွှတ်တော်အမတ် နီတင်နာဘင်းကို ပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

နီတင်နာဘင်းကို ဘရာတီယာဂျနေတာပါတီ ဥက္ကဋ္ဌသစ်အဖြစ် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီနှင့် အခြားပါတီ ထိပ်တန်းခေါင်းဆောင်များက အဆိုပြုခဲ့ခြင်းဖြစ်သည်။

နီတင်နာဘင်းသည် ဘရာတီယာဂျနေတာပါတီ၏ ၁၂ ဦးမြောက် ပါတီဥက္ကဋ္ဌ ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ **Ref : RT**

Trs : KKO

ဆီးရီးယားအရှေ့ပိုင်း ရှာဒါဒီမြို့ အကျဉ်းထောင်မှ အိုင်အက်စ်အကျဉ်းသားများ ထွက်ပြေးလွတ်မြောက်

ဒမတ်စကတ် ဇန်နဝါရီ ၂၀

ဆီးရီးယားနိုင်ငံ အရှေ့ပိုင်း ရှာဒါဒီမြို့ အကျဉ်းထောင်မှ အစ္စလာမ္မစ် အကြမ်းဖက်အုပ်စု (အိုင်အက်စ်)အကျဉ်းသား ၁၂၀ ခန့် ထွက်ပြေး လွတ်မြောက်ခဲ့ကြောင်း ဆီးရီးယား ပြည်ထဲရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

သို့ရာတွင် ကာ့ဒ်လူမျိုးများ ဦးဆောင်သော ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့ (အက်စ်ဒီအက်ဖ်)၏ အဆိုအရ ထွက်ပြေး လွတ်မြောက်သွားသည့် အိုင်အက်စ် အကျဉ်းသားဦးရေမှာ ၁၂၀၀ ခန့် ထိရှိကြောင်း သိရသည်။

ရှာဒါဒီမြို့ကို အက်စ်ဒီအက်ဖ် တပ်များ ထိန်းချုပ်ထားချိန်တွင် ရှာဒါဒီအကျဉ်းထောင်မှ အိုင်အက်စ် စစ်သွေးကြွများ ထွက်ပြေးလွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယား ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် ဆီးရီးယားအစိုးရ တပ်များနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ အထူးတပ်ဖွဲ့ဝင်များက ရှာဒါဒီမြို့တွင်းသို့ ဝင်ရောက်၍ ထွက်ပြေး လွတ်မြောက်သူများကို လိုက်လံရှာဖွေလျက်ရှိသည်။

လက်ရှိတွင် ဆီးရီးယားအစိုးရ တပ်များက ထွက်ပြေးလွတ်မြောက်နေသည့် အိုင်အက်စ် အကျဉ်းသားများအနက် ၈၁ ဦးကို ပြန်လည်ဖမ်းဆီးထားပြီး ဖြစ်ကြောင်း သိရသည်။

ဆီးရီးယား အစိုးရတပ်များနှင့် ရက်အတန်ကြာ ပဋိပက္ခများ ဖြစ်ပွားပြီးနောက် ဆီးရီးယား အရှေ့ပိုင်း ရက်ကားပြည်နယ်နှင့် ဒီအာအယ်လ်လော ပြည်နယ်တို့မှ ရုပ်သိမ်းပေးရန် အက်စ်ဒီအက်ဖ် တပ်များက ဇန်နဝါရီ ၁၈ ရက်တွင် သဘောတူထားကြောင်း သိရသည်။

Ref : RT

Trs : KKO

ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့ဝင် ပါဝင်ရေး တရုတ်နိုင်ငံကို အမေရိကန်အစိုးရ ဖိတ်ခေါ်

ပေကျင်း ဇန်နဝါရီ ၂၀

ဂါဇာငြိမ်းချမ်းရေး ဘုတ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရေးအတွက် အမေရိကန်အစိုးရက တရုတ်အစိုးရကို ဖိတ်ကြားထားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် အတည်ပြုထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

သို့ရာတွင် အမေရိကန်အစိုးရ၏ အဆိုပါဖိတ်ကြားချက်ကို တရုတ်အစိုးရက လက်ခံထားခြင်း ရှိ၊ မရှိကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားခြင်း မရှိကြောင်း သိရသည်။

အမေရိကန်အစိုးရသည် သမ္မတဒေါ်နယ်ထရမ့် ဥက္ကဋ္ဌအဖြစ် ဦးဆောင်မည့် ဂါဇာငြိမ်းချမ်းရေး ဘုတ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ရေးအတွက် ကမ္ဘာ့နိုင်ငံ အများအပြားကို ဖိတ်ကြားထားသည်။

အလားတူ ဂါဇာငြိမ်းချမ်းရေး ဘုတ်အဖွဲ့၌ ပါဝင်ရေးအတွက် အမေရိကန်အစိုးရ၏ ဖိတ်ကြားခံထားရသည့် အစိုးရများကလည်း သတိထား၍ တုံ့ပြန်လျက်ရှိသည်။

သမ္မတဒေါ်နယ်ထရမ့်၏ ဂါဇာငြိမ်းချမ်းရေး ဘုတ်အဖွဲ့ကြောင့် ကုလသမဂ္ဂ၏ရပ်တည်မှု ထိခိုက်နိုင်ကြောင်း နိုင်ငံတကာ သံတမန်များက ပြောကြားထားသည်။

အမေရိကန်အစိုးရသည် ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေးအတွက် ရုရှားသမ္မတပူတင်ကိုလည်း ဖိတ်ကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ပြင်သစ်၏ ဝိုင်နှင့် ရှန်ပိန်ထုတ်ကုန်များကို ရာခိုင်နှုန်း ၂၀၀ ထိ အခွန်စည်းကြပ်မည်ဟု သမ္မတဒေါ်နယ်ထရမ့် သတိပေး

ပဲရစ် ဇန်နဝါရီ ၂၀

ပြင်သစ်နိုင်ငံ၏ ဝိုင်နှင့် ရှန်ပိန်ထုတ်ကုန်များအပေါ် ရာခိုင်နှုန်း ၂၀၀ ထိ အခွန်စည်းကြပ်နိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယနေ့တွင် သတိပေးပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရန် ပြင်သစ်သမ္မတ မက်ခရွန်ကို ဖိအားပေးသည့်အနေဖြင့် သမ္မတဒေါ်နယ်ထရမ့်က အဆိုပါအတိုင်း သတိပေးခဲ့ခြင်းဖြစ်နိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

သမ္မတဒေါ်နယ်ထရမ့် ဦးဆောင်မည့် ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရန် အမေရိကန်အစိုးရက ဖိတ်ခေါ်ထားသည်။

သို့ရာတွင် အမေရိကန်အစိုးရ၏ အဆိုပါဖိတ်ကြားချက်ကို ငြင်းပယ်ရန် သမ္မတမက်ခရွန်က ရည်ရွယ်ထားကြောင်း ပြင်သစ်အစိုးရသတင်း အရင်းအမြစ်များက ပြောကြားထားသည်။

သမ္မတမက်ခရွန်၏ အဆိုပါရပ်တည်ချက်ကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က မကြာမီ ရာထူးမှအနားယူရမည့် သမ္မတမက်ခရွန်ကို မည်သူကမျှ လိုအပ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် မိမိအနေဖြင့် ပြင်သစ်၏ ဝိုင်နှင့် ရှန်ပိန်ထုတ်ကုန်များအပေါ် တွင်လည်း ရာခိုင်နှုန်း ၂၀၀ ထိ အခွန်စည်းကြပ်မည်ဟု သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားကြောင်း သိရသည်။ **Ref : Xinhua**

Trs : KKO

နှစ်ရက်အတွင်း ငါးမန်းတိုက်ခိုက်မှု လေးကြိမ်ဖြစ်ပွားပြီးနောက် သြစတြေးလျအရှေ့ဘက်ကမ်းရိုးတန်း၌ ကမ်းခြေအများအပြားပိတ်ထား

ဆစ်ဒနီ ဇန်နဝါရီ ၂၀

နှစ်ရက်တာ ကာလအတွင်း ငါးမန်းတိုက်ခိုက်မှု လေးကြိမ်ဖြစ်ပွားခဲ့ပြီးနောက် သြစတြေးလျ တာဝန်ရှိသူများသည် ဆစ်ဒနီ ကမ်းခြေအပါအဝင် အရှေ့ဘက်ကမ်းရိုးတန်း ဒေသတစ်လျှောက် ကမ်းခြေအများအပြားကို ယနေ့မှစ၍ ပိတ်ထားကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ပြီးခဲ့သည့် ရက်များအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် အရှေ့ဘက်ကမ်းရိုးတန်း ကမ်းခြေများ၌ ရေများနောက်ကျိနေချိန်တွင် ငါးမန်းများ ဝင်ရောက်လာခြင်းဖြစ်နိုင်ကြောင်း သြစတြေးလျ တာဝန်ရှိသူများက ပြောကြားထားသည်။

သြစတြေးလျနိုင်ငံ တစ်ဝန်းရှိ ကမ်းခြေများသို့ ပုံမှန်အားဖြင့် လာရောက်အပန်းဖြေသူ များပြားသည့်အချိန်တွင် အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက် ကမ်းခြေများကို ငါးမန်းအန္တရာယ်ကြောင့် ပိတ်ထားခြင်းဖြစ်သည်။

ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် အရှေ့ဘက်ကမ်းရိုးတန်း ကမ်းခြေများ၌ ရေလွှာလျှောစီးသူများကို ငါးမန်းများ ရန်ပြုတိုက်ခိုက်မှု လေးကြိမ်ထိ ဖြစ်ပွားခဲ့သော်လည်း သာမန်အားဖြင့် ငါးမန်းများသည် လူသားများကို တိုက်ခိုက်လေ့ မရှိကြောင်း သြစတြေးလျ တာဝန်ရှိသူများက ပြောကြားထားသည်။

သို့ရာတွင် ရေများနောက်ကျိနေချိန်တွင် အမြင်အာရုံကျဆင်းလာသည့် ငါးမန်းများသည် တစ်စုံတစ်ရာနှင့် ဝင်တိုးမိချိန်တွင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်သည့် အနေဖြင့် ရန်ပြုတတ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

SCIENCE AND TECHNOLOGY

ကြာသပတေးဂြိုဟ်ပိုင်ဆိုင်ထားသော အောက်ဆီဂျင်ပမာဏက နေပိုင်ဆိုင်ထားသည့် အောက်ဆီဂျင်ပမာဏထက် ပိုများ

ဝါရှင်တန် ဧန်နဝါရီ ၂၀

ကြာသပတေးဂြိုဟ်ပိုင်ဆိုင်ထားသည့် အောက်ဆီဂျင်ပမာဏသည် နေပိုင်ဆိုင်ထားသည့်အောက်ဆီဂျင်ပမာဏထက်ပိုများကြောင်း သိပ္ပံပညာရှင်များ၏အဆိုကိုကိုးကား၍ ဧန်နဝါရီ ၁၉ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ချီကာဂို တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ကြာသပတေးဂြိုဟ်၏ အတွင်းလေထုလွှာသဘာဝကို ကွန်ပျူတာစံပြုပုံစံများဖန်တီး၍လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကြာသပတေးဂြိုဟ်ပိုင်ဆိုင်ထားသည့် အောက်ဆီဂျင်ပမာဏသည် နေပိုင်ဆိုင်ထားသည့်အောက်ဆီဂျင်ပမာဏထက် တစ်ဆခွဲခန့် ပိုများကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂြိုဟ်လေထုလွှာ အတွင်းပိုင်းကို တိုက်ရိုက်လေ့လာတိုင်းတာနိုင်ရေးမှာ လွန်စွာခက်ခဲလှသဖြင့် ရှေးယခင် အာကာသမစ်ရှင်များသည် ဂြိုဟ် အထက်လေထုလွှာအချက်အလက်များကိုသာ ရယူပေးနိုင်ခဲ့သည်။

ယခုအခါ ကွန်ပျူတာစံပြုပုံစံများ ဖန်တီးလေ့လာချက်အရ ကြာသပတေးဂြိုဟ်၏ အောက်ဆီဂျင်များသည် ကြာသပတေးဂြိုဟ် တိမ်တိုက်များအောက် လေထုလွှာအတွင်း တည်ရှိနေကြောင်း သိလာပြီဖြစ်သည်။

ကြာသပတေးဂြိုဟ် အောက်ဆီဂျင်များစုစည်းတည်ရှိနေသော နေရာသည် ၎င်းဂြိုဟ်ကိုလှည့်ပတ်ပျံသန်းလေ့လာနေသည့် အာကာသယာဉ်များ၏ စူးစမ်းလေ့လာရေးစနစ်များ လက်လှမ်းမမီနိုင်သည့် နေရာဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

Ref : Russia Today
Trs : KKO

တရုတ်နိုင်ငံက အာကာသမစ်ရှင်နှစ်ခုလွှတ်တင်ခဲ့ရာ မစ်ရှင်နှစ်ခုစလုံး အောင်မြင်မှုမရှိခဲ့

ပေကျင်း ဧန်နဝါရီ ၂၀

တရုတ်နိုင်ငံသည် ဧန်နဝါရီ ၁၇ ရက်တွင် အာကာသမစ်ရှင်နှစ်ခုလွှတ်တင်ခဲ့ရာ မစ်ရှင်နှစ်ခုစလုံး အောင်မြင်မှုမရှိခဲ့ကြောင်း ဧန်နဝါရီ ၁၉ ရက် သတင်းများအရ သိရသည်။

တရုတ်အခြေစိုက် ဂလက်စတစ်မစ်နာဂျီ အာကာသနည်းပညာကုမ္ပဏီသည် ၎င်း၏ စီးရက်စ်-၂ ဒုံးပျံသစ်ကို ဧန်နဝါရီ ၁၇ ရက်တွင် တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချိုကွမ်းအာကာစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့သည်။

သို့ရာတွင် လွှတ်တင်ပြီးနောက် စီးရက်စ်-၂ ဒုံးပျံ၌ စနစ်ဖောက်ပြန်မှုများ ဖြစ်ပွားခဲ့ပြီး မစ်ရှင်ပျက်ပြားခဲ့ရကြောင်း ဂလက်စတစ်အင်နာဂျီကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဂလက်စတစ်အင်နာဂျီကုမ္ပဏီသည် စီးရက်စ်-၂ ဒုံးပျံသစ်ကို ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အလားတူ တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ရီကျိယန်-၃၂ အမည်ရှိ ဂြိုဟ်တုကို လောင်းမတ်ချ်-၃ ဘီ ဒုံးပျံဖြင့် စီချမ်ပြည်နယ် ရီချန်းဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့သည်။

သို့ရာတွင် လွှတ်တင်ပြီးနောက် လောင်းမတ်ချ်-၃ ဘီ ဒုံးပျံ၌ စနစ်ဖောက်ပြန်မှုများရှိခဲ့ပြီး မစ်ရှင်ပျက်ပြားခဲ့ရကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

နာဆာက အက်စ်အယ်လ်အက်စ်ဒုံးပျံကို ကနေဒီအာကာသစခန်း ပစ်စင်အမှတ်-၃၉ ဘီဆီသို့ ပို့ဆောင်ခဲ့

ဝါရှင်တန် ဧန်နဝါရီ ၂၀

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် အားတီးမစ်-၂ မစ်ရှင်အတွက် ကြိုတင် ပြင်ဆင်သည့်အနေဖြင့် အက်စ်အယ်လ်အက်စ် ဒုံးပျံကို ကနေဒီ အာကာသစခန်းပစ်စင်အမှတ်-၃၉ ဘီဆီသို့ ပို့ဆောင်ခဲ့ကြောင်း ဧန်နဝါရီ ၁၉ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် အက်စ်အယ်လ်အက်စ်ဒုံးပျံကို ပစ်စင်အမှတ်-၃၉ ဘီသို့ အထူးသယ်ယူပို့ဆောင်ရေးယာဉ်ဖြင့် ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

အက်စ်အယ်လ်အက်စ် ဒုံးပျံသည် အာကာသယာဉ်တပ်ဆင်ရေးအလုပ်ရုံမှ စတင်ထွက်ခွာလာပြီး ၁၁ နာရီ မိနစ် ၃၀ အကြာတွင် ပစ်စင်အမှတ်-၃၉ ဘီသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ပစ်စင်သို့ အက်စ်အယ်လ်အက်စ် ဒုံးပျံရောက်ရှိခဲ့ပြီးနောက် လာမည့်ရက်အနည်းငယ်အတွင်း အားတီးမစ်-၂ မစ်ရှင်လွှတ်တင်မှု ဝတ်စုံပြည့်ဖြင့် ဧာတ်တိုက်လေ့ကျင့်မှု ပြုလုပ်မည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင်ကို လာမည့်ဖေဖော်ဝါရီ ၆ ရက် အစောဆုံးထား၍ လွှတ်တင်ရန် စီစဉ်ထားပြီး အားတီးမစ်-၂ မစ်ရှင်အရ အက်စ်အယ်လ်အက်စ် ဒုံးပျံသည် အာကာသယာဉ်မျူး လေးဦးလိုက်ပါမည့် အိုဇီယွန်အာကာသယာဉ်ကို လကမ္ဘာအနီးသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

HEALTH

အချိုဓာတ်ပါပြီး ကယ်လိုရီနည်းပါးသည့် သဘာဝသကြားတစ်မျိုး ရှာဖွေတွေ့ရှိ

နယူးယောက် ဧန်နဝါရီ ၂၀

သကြားအစားထိုးဓာတုပစ္စည်းများကဲ့သို့ အချိုဓာတ်ပါပြီးကယ်လိုရီနည်းပါးသော သဘာဝသကြားတစ်မျိုးကို သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဧန်နဝါရီ ၁၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Tagatose ခေါ် အဆိုပါသဘာဝသကြားသည် Sucrose သကြားအချိုဓာတ်၏ ၉၂ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသော်လည်း ကယ်လိုရီပမာဏမှာ Sucrose သကြားများထက် များစွာပိုနည်းပါးသည်။

ထို့ပြင် Tagatose သဘာဝသကြားကြောင့် အင်ဆူလင်ဟော်မုန်းပေါ်ထွက်မှု အဆင့်မြင့်တက်လာနိုင်ခြင်းမရှိကြောင်း အမေရိကန်နိုင်ငံ တပ်မ်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

Tagatose သကြားဓာတ်သည် အလွန်ရှားပါးသည့် သဘာဝသကြားဓာတ်တစ်မျိုးဖြစ်ပြီး နို့အခြေခံစားသောက်ဖွယ်တချို့နှင့် သစ်သီးဝလံတချို့တွင် အနည်းငယ်မျှသာရှိတတ်သည်။

သို့ရာတွင် Tagatose သကြားဓာတ်ကို Slime Mold ခေါ် ဇီဝရုပ်တစ်မျိုးမှရရှိသည့် အင်ဇိုင်းများဖြင့် အမြောက်အမြားထုတ်လုပ်နိုင်ရန် သုတေသနပညာရှင်များက မျှော်လင့်ထားသည်။

သကြားအစားထိုးဓာတုပစ္စည်းတချို့၏ ကျန်းမာရေးဆိုးကျိုးများနှင့်ပတ်သက်၍ ဆေးပညာရှင်များကြား စိုးရိမ်မှုရှိလာချိန်တွင် Tagatose သကြားဓာတ်ကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ABS ကျန်းမာရေးပြဿနာက မှိုမဟုတ်ဘဲ ဘက်တီးရီးယားနှစ်မျိုး ဖြစ်နိုင်

နယူးယောက် ဧန်နဝါရီ ၂၀

Auto-Brewery Syndrome (ABS)ခေါ် ရှားပါးသည့်ကျန်းမာရေးပြဿနာတစ်မျိုး၏ အဓိကနောက်ခံအကြောင်းတရားမှာ မှိုမဟုတ်ဘဲ ဘက်တီးရီးယားနှစ်မျိုးဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဧန်နဝါရီ ၁၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Auto-Brewery Syndrome (ABS)ခေါ် ရှားပါးသည့်ကျန်းမာရေးပြဿနာသည် အရက်သောက်ထားခြင်းမရှိသော်လည်း အစားအစာစားပြီးချိန်တွင် အရက်မူးသကဲ့သို့ မူးယစ်လာတတ်သည့် ရှားပါးကျန်းမာရေး ပြဿနာတစ်မျိုးဖြစ်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ABS လူနာ ၂၂ ဦးနှင့် ABS မရှိသူ အတူနေအိမ်သားများ၏ ကျင်ကြီးနမူနာများကိုရယူ လေ့လာခဲ့ကြကြောင်း၊ လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ABS လူနာများ၌ K.Pneumoniae ဘက်တီးရီးယားနှင့် Escherichia Coli ဘက်တီးရီးယားများ စုစည်းမှုပုံမှန်ထက်ပိုများနေသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

K.Pneumoniae ဘက်တီးရီးယားနှင့် Escherichia Coli ဘက်တီးရီးယားများသည် အီသနောဓာတုဒြပ်ပေါင်း ထုတ်ပေးနိုင်သည့် ဘက်တီးရီးယားများဖြစ်ကြသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ABS ကျန်းမာရေးပြဿနာ၏ နောက်ခံအကြောင်းတရားမှာ မှိုမဟုတ်ဘဲ အထက်ပါဘက်တီးရီးယားနှစ်မျိုး ဖြစ်နိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

(ယမန်နေ့မှအဆက်)

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၆၂၄၈၂ / ၁၀ = ၄၆၂၄၈

စဉ်	PR မဲဆန္ဒနယ်	စဉ်	ပါတီအမည်	ရရှိသော ခိုင်လုံမဲအရေအတွက်	အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက်	ကြွင်းကျန်မဲ စုစုပေါင်း	ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက်	ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း	မှတ်ချက်
	မွန်ပြည်နယ်								
၁	PR မဲဆန္ဒနယ်အမှတ်(၁)			၄၆၂၄၈၂	၆		၄	၁၀	
		၁။	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၅၉၁၈၆	၃	၂၀၄၄၂	-	၃	
		၂။	မွန်ညီညွတ်ရေးပါတီ	၁၅၄၄၁၇	၃	၁၅၆၇၃	-	၃	
		၃။	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၄၄၂၉၃	-	၄၄၂၉၃	၁	၁	
		၄။	အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ	၄၁၁၀၂	-	၄၁၁၀၂	၁	၁	
Yar, Ngan Chaung, Hpar Wut Chaung, Zin Pai Nyar, Kyein Chaung / Done Paik / Ree Dar, Laung Don, Naung Dar Khar Li, Hpaung Taw Pyin, Chin Tha Mar, Maung Gyi Taung, Kun Taing / Myaung Nar, Yin Ma Kyaung Taung, Taung Bazar, Thin Baw Kway, Hpet Leik, Gaw Du Thar Ra, La Ba Daung, Hang Cha Ma Gulang, Khun Thi Pyin, Ta Man Thar, Du Oh The Ma, Kar Lar Day Hpet, Tha Pyay Taw, Pan Be Chaung, and Nga Yant Chaung.

She concluded the arguments with the following three points: First, while the crux of The Gambia's case is that the Myanmar Defence Services conducted operations in "hundreds" of Bengali villages across Rakhine State pursuant to the same "consistent pattern of conduct", The Gambia, at most, mentions a total of 46 locations in support of its claim.

Secondly, Myanmar's careful analysis of all these locations shows that there is no "consistent pattern of conduct". Specifically, the analysis of the 42 locations just undertaken demonstrates: No allegations of any form of sexual violence in 17 locations that is almost half; No killings in 12 locations, just a quarter; 11 locations only concern events in 2016; A single allegation involving a single victim is made for three locations; and No allegation of any criminality is made for one location.

Thirdly, the arrival of Myanmar's Defence Forces at the locations just described in 2016 and 2017 was not "an amazing coincidence", as The Gambia put it last week. Nor is it Myanmar's position that it "accidentally attacked 76 different sites at the same time." Such statements by The Gambia are not serious. Rather, Myanmar's location-by-location analysis shows that if there was any pattern of conduct, it was one of responsive, targeted and time-limited action by security forces against violence by ARSA.

Christopher Staker Submits Rebuttal Arguments at ICJ

Mr Christopher Staker, the Lead Counsel and Advocate for Myanmar, presented his submissions of rebuttal arguments on alleged discriminatory laws and policies for the case of The Gambia versus Myanmar at the International Court of Justice in The Hague, the Netherlands, on 19 January.

He stated: The Gambia claims that Myanmar has adopted various laws and policies that discriminate against Bengalis in Rakhine State. Myanmar's response to these claims is set out in Chapter 10 of each of its written pleadings, and I address this subject matter now.

According to The Gambia, these discriminatory laws and policies establish the existence of a genocidal intent, or at least, contribute to establishing this. In the Application instituting proceedings and Memorial of The Gambia this allegation was described as "backdrop" or "broader context" to the events of 2016 and 2017.

In its Reply, The Gambia then went further, claiming that some of the alleged discriminatory policies are themselves also acts of genocide. Technically, this may be a new claim that does not arise directly out of the question that is the subject matter of the Application, namely, whether events in 2016 and 2017 are genocide. However, that is perhaps an academic point because it is, in any event, quite impossible to see how the alleged discriminatory policies could have been acts of genocide.

The Gambia's allegations in this respect are another example of its failure to take due care. It does not attempt to ascertain the facts and to present them objectively and fairly. It does the opposite. It makes allegations in extreme terms that have no basis in the evidence.

The first matter is the adoption by Myanmar in 1982 of a new Citizenship Law. In Chapters 2 and 10 of its written pleadings, Myanmar has provided a considerable amount of historical and other background detail of the citizenship law of Myanmar, supported by evidence. The Gambia has not provided any detailed response. In the circumstances, the historical and legal background should be taken as undisputed.

This was the situation in 1982, when, pursuant to its 1974 Constitution, Myanmar adopted a new Citizenship Law which repealed the earlier law. The new law has created three types of citizenship, called "Citizen", "Associate Citizen" and "Naturalized Citizen". For clarity, I refer to the first type as "full Citizen", but that is not an official term.

First, in section 6, we see that anyone who was a citizen under the old law became a full Citizen under the new law. The new statuses of Associate Citizen and Naturalized Citizen were thus intended for those who were not already citizens under the old law. Pending citizenship applications under the old law were considered under the new law as applications for Associate Citizenship. Others meeting certain criteria can apply to become Naturalized Citizens.

The Gambia refers to Associate and Naturalized Citizenship as "inferior" forms of citizenship, but does not specify how they are said to be materially inferior. For instance, an Associate Citizen or Naturalized Citizen is entitled to vote in elections, but cannot stand as a candidate. However, an Associate Citizen or Naturalized Citizen can live and work anywhere in Myanmar, like any full Citizen, and is entitled to a Myanmar passport. The Gambia seems to complain that there are three different types of citizenship, and that not everyone is a full Citizen. However, Myanmar is not the only State having more than one form of citizenship or nationality. The existence of multiple forms of citizenship is hardly an expression of genocidal intent.

The Gambia also seems to complain that the 1982 Law automatically confers full Citizenship on members of certain ethnic groups, while others must satisfy certain criteria to be entitled to citizenship. That is not disputed, but that was already the position under the pre-1982 Law, and there is no suggestion that there was anything objectionable about the previous law. Furthermore, other States also have, or have had, citizenship laws that limit citizenship by birth to those of certain ethnicities, or that give preferential treatment in their citizenship laws to certain ethnicities. This is hardly an expression of genocidal intent towards those given less preferential treatment.

The Gambia appears to seek to convey the impression that Bengalis are "denied" citizenship. That is not so. Some are full Citizens, some are Associate or Naturalized Citizens, and some would be entitled to a form of citizenship if they were to apply

for it. The Gambia, in fact, advances no coherent argument at all as to how this law is said to manifest an intent physically or biologically to destroy the Bengali population.

The Agent for Myanmar already explained in his opening speech that, before the events of 2016 and 2017, there were two occasions on which large numbers of Bengalis went across the border into Bangladesh, and were subsequently repatriated to Myanmar through agreements between Myanmar and Bangladesh and UNHCR. The first occasion was in 1978. The Gambia does not allege that the events in 1978 were evidence of any genocidal intent in 2016 and 2017. The second occasion was in 1991-1992, and The Gambia claims that the events on this second occasion are evidence of such an intent. However, both occasions need to be considered together.

The following year, 1979, those who went to Bangladesh were repatriated to Myanmar, pursuant to agreements between Bangladesh, Myanmar and UNHCR. On the second occasion, in 1991-92, Myanmar says that there was similarly an operation throughout the whole country for the scrutiny of illegal immigrants. This time, some 190,000 people crossed the border into Bangladesh, and were again repatriated to Myanmar through agreements between Bangladesh, Myanmar and UNHCR. As in the case of 1978-79, there were, on this second occasion, again allegations that the exodus was caused by abuses by the military. However, The Gambia provides no evidence that these allegations are substantiated.

The third of the alleged discriminatory laws or policies concerns the citizenship verification process and National Verification Cards. The Gambia has not seriously disputed the following facts.

Since 2015, the process requires an initial application for a document called a National Verification Card, or "NVC". Once a person has an NVC, their eligibility for the relevant citizenship status is scrutinized, and if they are eligible, they are issued a Citizenship Scrutiny Card or a Naturalized Citizenship Scrutiny Card. Those who are not eligible for a form of citizenship are not issued a citizenship card, but can continue to live in Myanmar and hold an NVC. The Gambia presents no evidence that anyone who could prove their entitlement to a form of citizenship under the 1982 Law was found not to be so entitled.

Myanmar says that anyone wanting to apply for an NVC, including any Bengali in northern Rakhine State, would not have any practical difficulty in obtaining one. The Gambia has not sought to argue or prove otherwise. The holder of an NVC can move freely within their township. Since 2018, NVC holders in Maungtaw and Buthidaung townships have been able to move freely within both of those townships. NVC holders can access employment and higher education. For some activities, like attending school or receiving healthcare, not even an NVC is necessary.

NVC holders require permission to travel outside their township, or in the case of Maungtaw and Buthidaung townships, to move outside those two townships.

A particular objection of The Gambia appears to be that a Bengali applying for an NVC is not permitted to state on their application that their ethnicity is "Rohingya", and must state that they are "Bengali".

It may well be that, for political reasons, large numbers of Bengalis have declined to apply for an NVC, or have come under pressure from activists not to do so. However, the refusal of a large number of people to engage with administrative requirements is hardly evidence of a genocidal intent on the part of Myanmar. Myanmar's refusal to accede to such political demands is irrelevant for establishing an intent physically or biologically to destroy the population in question.

The Gambia contends that authorities in Myanmar have been seeking to compel people to apply for and accept an NVC. Myanmar does not accept this, but even if this were true, it is also difficult to see how this is a manifestation of an intent physically or biologically to destroy the Bengali population.

The Gambia has provided evidence that the local authorities, when approving marriages, required couples to agree to have no more than two children. There is no evidence that a two-child limit was ever strictly enforced.

There is no evidence that this Regional Order led to any reduction in the size of the Muslim population in Maungtaw Township or was intended to. I proceed next to the fifth category of alleged discriminatory laws or policies. This is labelled in The Gambia's Memorial as "segregation, confinement and denial of access to sustenance". The general allegation is that many Bengali Muslims in northern Rakhine State are required to live in separate areas removed from the general population, and are denied freedom of movement and access to food, healthcare and other necessities.

Those who have one of the three forms of citizenship have freedom of movement throughout Myanmar. Those who do not have such a form of citizenship can obtain a National Verification Card, an NVC. Those with an NVC can travel freely within their township, or in the case of Maungtaw and Buthidaung Townships, can travel freely within those two townships. Those with an NVC can also travel elsewhere in Myanmar after applying for and obtaining travel permission. They can carry out fishing, trading and agricultural activities for their livelihoods. As I have explained earlier, an NVC is easy for anyone to obtain, and The Gambia does not claim otherwise.

Those who refuse to have an NVC, for political or other reasons, may face some practical difficulties, as I have explained. In particular, they will have no identification card to produce if asked for one by the police when travelling. However, even then, The Gambia presents no evidence that anyone's physical or biological existence has been imperilled through lack of an NVC.

The greatest number of Bengalis in northern Rakhine State is living in towns and villages. Hundreds of thousands did not leave for Bangladesh at the time of the events of 2016 and 2017. They largely continue to live in their homes, as they did before.

Those living in IDP camps are not compelled to stay there and are free to leave, temporarily or permanently. Those living in IDP camps can come and go, interact with the outside world, receive visitors and take up employment.

Myanmar has presented evidence that conditions in IDP camps in Rakhine State are generally acceptable by international standards. Myanmar has also presented evidence of the humanitarian assistance, including food rations and non-food items, medical services and basic education, that have been continuously provided to those still residing in these IDP camps. There is no evidence that the population of the camps is declining due to a lack of such provision. It remains the long-term intention of the government to close the IDP camps and to resettle their inhabitants, and steps are being taken to achieve this. The fact that this has not been achieved to date does not mean that the population living in the IDP camps in the meantime is being physically or biologically destroyed.

The Gambia also claims that those living in Aung Mingalar are "trapped" or "confined" in a "ghetto". This is emotive rhetoric. Aung Mingalar is simply a ward of Sittway, the capital city of Rakhine State, and has a population of only some 4,000 people. Myanmar says that healthcare services, education, livelihoods, and social and religious activities are freely accessible to them like others in the city.

I have already explained why Myanmar does not use the name "Rohingya" and why it uses the name "Bengali". The Gambia has not challenged the historical background facts set out in Chapter 2 of Myanmar's written pleadings. Failure to use a particular name to refer to a population is hardly evidence of an intent physically or biologically to destroy that population. For these reasons, and the further reasons in Myanmar's written pleadings, The Gambia has not established that any of what it alleges to be discriminatory laws and policies are acts of genocide or evidence of a genocidal intent.

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်က တပ်ပိုင်စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် အသား၊ ငါးနှင့်ဥများကို အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

☆ ကျောဖုံးမှအဆက်

မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှုနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ဘိန်းခင်းများဖျက်ဆီးနိုင်မှု၊ တရားမဝင်ကုန်သွယ်မှုများဖမ်းဆီးရမိမှု၊ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှု၊ တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါးနှင့်ဥများကို အရာရှိ၊ စစ်သည်၊မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်မှု၊သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှု၊ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)နှင့်(၂)ကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် အပိုင်း(၃)ကို သတ်မှတ်မြို့နယ်များအလိုက်၌ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကိုစနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ယခင်ကတည်းကပင် EAO အဖွဲ့အချို့ နယ်မြေကျော်လွန်ဝင်ရောက်ခြင်း၊ တိုက်ပွဲဖော်ဆောင်ခြင်းများလုပ်ဆောင်တတ်သည့် အလေ့အထရှိကြောင်း၊ ထို့ပြင် လက်ရှိအချိန်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း လုပ်ငန်းများကိုပါ လုပ်ဆောင်လာကြသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် **တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း လုပ်ငန်းများ လုပ်ဆောင်မှုမရှိစေရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်ဆောင်ရွက်သွားရန် အလေးထားမှာကြားလို**ကြောင်း၊ **ဘိန်းစိုက်ပျိုးမှုပပျောက်ရေးလုပ်ငန်းများကို လည်းစနစ်တကျဖြင့် ဆက်လက်ဆောင်ရွက်သွားရန်လိုပြီး ဘိန်းခင်းစိုက်ပျိုးမှု၊ ဖျက်ဆီးမှုများကို နှစ်အလိုက်မှတ်ပုံတင်ပြုစု၍ စနစ်တကျတိုက်ဖျက်ဆောင်ရွက်သွားရန်လို**ကြောင်း၊တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပညာတတ်များပေါကြွယ်ဝစေရေး၊ အသိအမြင်တိုးပွားစေရေးတို့အတွက်လည်း တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့အသိအမြင် ဗဟုသုတများကျယ်ပြန့်လာမှသာလျှင် ၎င်းတို့၏လူမှုစီးပွားဘဝများတိုးတက်မှုကိုဖော်ဆောင်ရာ၌ အထောက်အကူပိုမိုဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ စိတ်အတွင်း၌ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းပြည်ကိုချစ်မြတ်နိုးသည့်စိတ်များကိန်းအောင်းနေစေရေး၊ အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်ထက်မြတ်စေရေးတို့အတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေး၊ စည်းရုံးရေးနယ်မြေများအလိုက် တပ်နှင့် ပြည်သူတစ်သားတည်းဖြစ်စေရေး၊တပ်မတော်သားများနှင့်မိသားစုဝင်များ၏ သက်သာချောင်ချိရေးတို့ကိုလည်း အလေးထားဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

တွေ့ဆုံအမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ခိုလမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ခိုလမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးစုပေါင်းစုံ စုပေါင်းနေထိုင်လျက်ရှိပြီး ပထဝီမြေအနေအထားအရအရေးပါသည့် နေရာဒေသတစ်ခုဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရခြင်းဖြစ်ပြီး ထိုသို့ထမ်းဆောင်ရာ၌ တိုင်းစစ်ဌာနချုပ်များအနေဖြင့် မိမိတို့ကွပ်ကဲရများ၊ ခိုလမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းများလုပ်ဆောင်မှုမရှိစေရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်ဆောင်ရွက်သွားရန် အလေးထားမှာကြားလို . . .

ဘိန်းစိုက်ပျိုးမှုပပျောက်ရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် ဆက်လက်ဆောင်ရွက်သွားရန်လိုပြီး ဘိန်းခင်းစိုက်ပျိုးမှု၊ဖျက်ဆီးမှုများကို နှစ်အလိုက်မှတ်ပုံတင်ပြုစု၍ စနစ်တကျတိုက်ဖျက်ဆောင်ရွက်သွားရန်လို . . .

ထို့နောက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် စွမ်းရည်စွမ်းအားရှိသည့်တပ်များဖြစ်ရန် လိုကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးဆိုသည်မှာ ပြည်ပကျူးကျော်သည့်ရန်မှ ကာကွယ်ရေးဖြစ်သော်လည်း မိမိတို့နိုင်ငံ၏လိုအပ်ချက်အရ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် ယခင်ကဖြစ်ပွားခဲ့သည့် ပြည်ပရန်ကာကွယ်ရေးတရုတ်ကူမင်တန်ကျူးကျော်မှုများ၊ ကုလားဆိုးသောင်းကျန်းသူများကို တပ်မတော်အနေဖြင့်နှိမ်နင်းခဲ့ရကြောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)အပါအဝင် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူများကိုလည်း တိုက်ခိုက်နှိမ်နင်းခဲ့ရကြောင်း၊ ထိုအချိန်က တပ်မတော်အနေဖြင့် အင်အားနည်းပါးခဲ့သော်လည်း စနစ်တကျစွဲမြဲပြီး သောင်းကျန်းသူချေမှုန်းရေးစစ်ဆင်ရေးများကို ဆောင်ရွက်ခဲ့ကြောင်း၊ **"တိုက်ရင်းလေ့ကျင့်၊ လေ့ကျင့်ရင်းတိုက်"၊ "တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်"**ဖြင့် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

ထို့နောက် တပ်မတော်ကို တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ပြည်ပရန်ကာကွယ်ရေးအတွက်လည်း ခေတ်မီတပ်မတော်ဖြစ်စေရေး တပ်မတော်ခေါင်းဆောင်များက ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တပ်တစ်တပ်ချင်း၊ တပ်မတော်သားများတစ်ဦးချင်းစီ၏ စွမ်းရည်၊ စွမ်းပကားများကိုမြှင့်တင်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းအနေဖြင့် စွမ်းရည်ရှိသည့်သူများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ **စစ်သည်တစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်မှုရှိရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုရှိရန်လို**ကြောင်း၊ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာအရ ကျန်းမာကြံ့ခိုင်နေမှသာလျှင် ခက်ခဲကြမ်းတမ်းသည့် လုပ်ငန်းတာဝန်များကိုထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊အလားတူ ရဲစွမ်းသတ္တိရှိမှသာလျှင် တိုက်ရဲခိုက်ရဲသည့်စိတ်များရှိမည်ဖြစ်သဖြင့် ရဲစွမ်းသတ္တိရှိစေရေး လေ့ကျင့်မွေးမြူသွားရန် လိုကြောင်း၊ ကျွမ်းကျင်မှုရှိရန်ဆိုရာတွင် သင်ကြားထားသည့် စစ်အတတ်ပညာများ၊ စစ်နည်းဗျူဟာများကို ကျွမ်းကျင်မှုရှိရန်လိုအပ်သကဲ့သို့ စစ်မြေပြင်တွင်တာဝန်ထမ်းဆောင်ချိန်တွင် မိမိတို့တာဝန်အလိုက် ကိုင်တွယ်အသုံးပြုရသည့် စစ်လက်နက်ပစ္စည်းကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရန်လည်းလိုကြောင်း၊အဆိုပါအရည်အချင်းသုံးရပ်နှင့် ပြည့်စုံစေရေး တပ်မှူးများအနေဖြင့် နေ့စဉ်လုပ်ဆောင်ရမည့်သမားစဉ်လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်ဖြင့် လုပ်ဆောင်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် လေ့ကျင့်ရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက အရည်အချင်းပြည့်ဝသည့် တပ်မတော်သားများဖြစ်လာမည်ဖြစ်ကြောင်း။

လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ရွေးကောက်ပွဲအပိုင်း(၁)နှင့် အပိုင်း(၂)ကို အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း အပိုင်း(၃)ကို ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ **တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်**ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရေး၊ မဲစာရင်းများမှန်ကန်စေရေး၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအပါအဝင် ရွေးကောက်ပွဲကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်ခဲ့ကြောင်း၊ ပါတီများဖွဲ့စည်းခွင့်နှင့်မှတ်ပုံတင်ခွင့်များကိုလည်း ၂၀၂၃ ခုနှစ်ကတည်းက ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ ပါတီများအနေဖြင့် ပါတီဝင်စည်းရုံးခွင့်နှင့် ပါတီတည်ဆောက်ချိန်လုံလောက်စွာရရှိခဲ့ကြောင်း၊ ရွေးကောက်ပွဲကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီကျင်းပနေခြင်းဖြစ်ပြီး ပါတီများအနေဖြင့်လည်း ဒေသအလိုက် သတ်မှတ်ချက်များနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံနိုင်သည့်

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခိုလမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်၊ လာမည့် မတ်လအတွင်း လွှတ်တော်ခေါ်ယူ၍ အနိုင်ရရှိသည့်အစိုးရအဖွဲ့ကို လုပ်ငန်းစဉ်များအတိုင်း နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ် . . .

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခိုလမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်းက လက်ခံရယူစဉ်။

ပါတီကြီးများရှိသကဲ့သို့ ဒေသအလိုက်ယှဉ်ပြိုင်သည့်ပါတီများ၊ တစ်သီးပုဂ္ဂလပုဂ္ဂိုလ်များလည်းရှိကြောင်း၊ ကျင်းပပြီးသည့် ရွေးကောက်ပွဲအပိုင်း(၁)နှင့်(၂)ရလဒ်များကို စာရင်းဇယားများဖြင့် ပွင့်လင်းမြင်သာစွာကြေညာပေးပြီးဖြစ်ကြောင်း၊ **လာမည့်မတ်လအတွင်း လွှတ်တော်ခေါ်ယူ၍ အနိုင်ရရှိသည့်အစိုးရအဖွဲ့ကို လုပ်ငန်းစဉ်များအတိုင်း နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်**ကြောင်း။

နိုင်ငံတော်တွင် အစိုးရအဖွဲ့များ ခေတ်အဆက်ဆက် မည်သို့ပင်ပြောင်းလဲလျက်ရှိသော်လည်း တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်နေမည့် ခိုင်မာသည့်အဖွဲ့အစည်းပင်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင်လည်း တက်လာသည့် အစိုးရများနှင့် သဟဇာတဖြစ်စွာပူးပေါင်း၍ နိုင်ငံတော်အကျိုးအတွက်ဆောင်ရွက်ခဲ့ပြီး စည်းကမ်းတကျဖြင့် တာဝန်ထမ်းဆောင်သည့်အဖွဲ့အစည်းဖြစ်ကြောင်း။

စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး

နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရာတွင် စွမ်းရည်စွမ်းအားများ ပြည့်ဝနေရန်လိုအပ်မည်ဖြစ်သဖြင့် စွမ်းအားရှိသည့်တပ်ဖြစ်စေရေး နိုင်ငံတော်ကလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် တပ်မတော်(ကြည်း၊ရေလေ) တပ်ဖွဲ့များအားလုံးကို ခေတ်နှင့်အညီ အဆင့်မီတိုးတက်နေစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နေ့စဉ်နှင့်အမျှတိုးတက်ပြောင်းလဲလာသည့် စစ်ဘက်ဆိုင်ရာနည်းပညာများ၊ အသုံးအဆောင်ပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေးအတွက်လည်း လေ့ကျင့်ရေးတာဝန်များကို မှန်မှန်ကန်ကန်ထမ်းဆောင်သွားကြရန်လိုကြောင်း။

စွမ်းရည်ရှိပြီး အရည်အချင်းရှိသည့် တပ်မတော်ဖြစ်စေရေး တပ်မတော်သားတစ်ဦးချင်း၏အဆင့်များအလိုက် အသိပညာ၊ အတတ်ပညာများရှိရန်လည်းလိုအပ်မည်ဖြစ်ကြောင်း၊ ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်နေသူများအနေဖြင့် မိမိနိုင်ငံနှင့် သက်ဆိုင်သောဗဟုသုတများ၊ နိုင်ငံတကာနှင့်သက်ဆိုင်သည့် ဗဟုသုတများ၊ တိုင်းရင်းသားရေးရာဗဟုသုတများ သိရှိနေရန်လိုအပ်သဖြင့် အမြဲမပြတ်လေ့လာနေရန်လိုကြောင်း၊ အရည်အချင်းရှိသည့် တပ်မတော်ဖြစ်စေရေး တပ်မတော်သားများအားလုံး အတန်းပညာမြင့်မားရေးကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ခေတ်သစ်စစ်ပွဲများတွင် အသုံးပြုသည့် စစ်အသုံးအဆောင်ပစ္စည်းများကို အသုံးပြုနိုင်ရန်အတွက် အတန်းပညာရှိသည့် စစ်သည်များလိုအပ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအားလုံး အတန်းပညာမြင့်မားရေးကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံးအနေဖြင့် အဆင့်အလိုက်တတ်မြောက်ရမည့် အတတ်ပညာများ တတ်မြောက်စေရေး အတွက်လည်း တန်းမြင့်သင်တန်းကျောင်းများတွင် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အတတ်ပညာများရရှိစေရေးအတန်းပညာများကို သင်ကြားရန်လိုသကဲ့သို့ အသိပညာရှိရန်အတွက် စာအုပ်စာပေများကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ အတန်းပညာ၊ အတတ်ပညာရှိမှ လူတော်ဖြစ်လာမည်ဖြစ်ပြီး အသိပညာရှိမှ သာလျှင်လည်း လူကောင်းများဖြစ်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ပဋ္ဌိပက္ခများကို ပြန်လည်လေ့လာကြည့်မည်ဆိုပါက အခြေခံအားဖြင့် တစ်ဦးချင်းအတန်းပညာအားနည်းမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ အတန်းပညာများအားနည်းမှုကြောင့် စည်းကမ်းလိုက်နာမှုနှင့် တွေးခေါ်မြော်မြင်မှုများ နည်းပါးခြင်း၊ နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်နိုင်မှုမရှိခြင်းတို့ကြောင့် ဘေးပယောဂများ၊ လှုံ့ဆော်သွေးထိုးမှုများအကြားတွင် ပဋ္ဌိပက္ခများဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း၊ အတန်းမြင့်မားသူများအနေဖြင့် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုများကို ခံယူထားရပြီး စည်းကမ်းစနစ်တကျဖြင့် အတန်းပညာများ သင်ယူခဲ့ရသောကြောင့် များသောအားဖြင့် စည်းကမ်းကောင်းမွန်သူများဖြစ်ကြသည်ကို လေ့လာတွေ့ရှိရကြောင်း၊ တပ်မတော်တွင် စည်းကမ်းသည် တပ်မတော်၏ကျောရိုးဖြစ်ပြီး စိတ်ဓာတ်များလည်း ကောင်းမွန်နေရန်လည်းလိုကြောင်း၊ စည်းကမ်းနှင့်စိတ်ဓာတ်ကောင်းမွန်သူများသာ လုပ်ငန်းတာဝန်များနှင့် ရည်မှန်းချက်များ အောင်မြင်မှုများရရှိသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် စည်းကမ်းကောင်းသည့်တပ်များနှင့် တပ်မတော်သားများဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်၌ နိုင်ငံတော်၏ကုန်သွယ်မှုလိုင်းပြမှုမြင့်မားသဖြင့် မိမိတို့အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုင်းမှာ လျော့နည်းလာခဲ့ကြောင်း၊သို့သော် စီးပွားရေးတိုးတက်မှုပိုမိုရရှိအောင် ဆောင်ရွက်ရဦးမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာစေရေး တပ်မတော်သားများအနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီမှုကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာရှစ်ဘီလီယံခန့် ဆုံးရှုံးရလျက်ရှိကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၌ ကုန်ထုတ်လုပ်မှုများတိုးတက်လာပြီး နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် အတတ်ပညာရှင်လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်သဖြင့် ပညာရေးကို မဖြစ်မနေအားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် တာဝန်ထမ်းဆောင်သည့် ငါးနှစ်တာကာလအတွင်း ပြည်တွင်းလက်နက်ကိုင်ပဋ္ဌိပက္ခများ၊ သဘာဝဘေးဒဏ်များဖြစ်ပေါ်ခဲ့မှုများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့မှုများကြားမှ အခက်အခဲများ၊ အကျပ်အတည်းများစွာကိုကျော်ဖြတ်၍ နိုင်ငံတော်၏ စီးပွားရေးကို တိုးတက်အောင် ဆောင်ရွက်ခဲ့ရကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် ကာကွယ်ရေးအတွက် အင်အားတောင့်တင်းသည့် တပ်မတော် တစ်ခုရှိရမည်ဖြစ်ပြီး တပ်မတော်အင်အားမတောင့်တင်းပါက ပြည်ပမှ စွက်ဖက်ခြင်းများကိုခံရနိုင်သဖြင့် စွမ်းရည်၊စွမ်းအားရှိသည့်တပ်မတော်ဖြစ်စေရေးကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် တိုင်းရင်းသားပြည်သူများမှ ပေါက်ဖွားလာသူများဖြစ်သဖြင့် စည်းလုံးညီညွတ်စွာဖြင့် နေထိုင်ကြရန်လိုကြောင်း၊ ထို့ပြင် **မိမိတို့နိုင်ငံတည်ရှိနေသည့် ပထဝီအနေအထားအရ ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံးအနေဖြင့် စည်းလုံးညွတ်မှုရှိရန်နှင့် နိုင်ငံတော်ကာကွယ်ရေးကို စုစည်းညီညွတ်သည့်အားဖြင့် တည်ဆောက်နိုင်ရမည်ဖြစ်**ကြောင်း၊ တပ်မတော်သားအားလုံးအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကိုထမ်းဆောင်နေသကဲ့သို့ ဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များဖတ်ရှုခြင်း၊ ပြည်တွင်းပြည်ပသတင်းများကို ကြည့်ရှုလေ့လာခြင်းများ ပြုလုပ်ခြင်းဖြင့် အသိပညာဗဟုသုတများ မြင့်မားလာပြီး ဆင်ခြင်တုံတရားများလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်နှင့် နိုင်ငံသားများက အားကိုးအားထားရသည့် တန်ဖိုးရှိသည့် တပ်မတော်သားများ ဖြစ်လာမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အရာရှိ၊ စစ်သည်များ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြစဉ်။

ရှေ့ဖုံးမှအဆက်

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် သံလွင်တံတား(တာဆန်း)ကို ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမျိုးသန့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သံလွင်တံတား(တာဆန်း) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။ ဆက်လက်၍ ကော်မရှင် အတွင်းရေးမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က သံလွင်တံတား(တာဆန်း)ဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သံလွင်တံတား(တာဆန်း) ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သံလွင်တံတား(တာဆန်း) ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သံလွင်တံတား (တာဆန်း)ပေါ်တွင် ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

အဆိုပါသံလွင်တံတား (တာဆန်း) အနေဖြင့် တံတားအရှည် ၈၇၆ ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၃ ပေ၊ ဆိုင်ကယ်လမ်းတစ်ဖက် ငါးပေစီဖြင့် စုစုပေါင်း တံတားအကျယ် ၃၃ ပေရှိသည့် သံမဏိသံဘောင်တံတားဖြစ်ကြောင်း၊ ရေလမ်းကင်းလွတ်အကျယ်ပေ၂၈ဝရှိကာ ရေလမ်းကွင်းလွတ်အမြင့်မှာ ၃၄ ပေရှိကြောင်း၊ ပေ ၉၀၀ ရှိသံလွင်တံတား(တာဆန်း)ကြိုးတံတားအဟောင်း၏အနီးတွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ယခုကဲ့သို့ တံတားသစ်ကြီး တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ကို ဆက်သွယ်ထားသည့် တောင်ကြီး-နမ့်စန်-မိုးနဲ-မိုင်းပန်-မိုင်းတုံ-မိုင်းဆတ်-တာချီလိတ် လမ်းကြောင်းကို အသုံးပြု၍ ကုန်စည်ကူးသန်းသွားလာမှုများကို ပိုမိုလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူ များစွာဖြစ်လာစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံလွင်တံတား(တာဆန်း)ပေါ်တွင် ဖြတ်သန်းကြည့်ရှုစဉ်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၉ / ၂၀၂၆)
၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ် ဇန်နဝါရီ လ ၂၀ ရက်)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာခြင်း

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ် အမည်	နိုင်ငံသားစိစစ်ရေး ကတ်အမှတ်	မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ်	ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ
ကချင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)			
(၁) ဦးနေလင်းစိုး	၅/တဆန(နိုင်) ၀၉၄၅၁၈	မိုးကောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
ကရင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)			
(၂) ဦးစောမျိုးမြင့်	၃/ဖပန(နိုင်) ၀၀၅၁၇၁	ဖာပွန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃) ဒေါ်နန်းစောမြ	၃/ဖပန(နိုင်) ၀၀၅၀၆၂	လှိုင်းဘွဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ
စစ်ကိုင်းတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)			
(၄) ဦးဇေယျာစိုး	၅/မမတ(နိုင်) ၀၄၉၅၇၀	မြင်းမူမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၅) ဦးသောင်းထိုက်	၅/ခဥတ(နိုင်) ၀၅၀၁၅၈	ချောင်းဦးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၆) ဦးတင်ဝင်း	၅/အရတ(နိုင်) ၀၆၃၉၄၇	အရာတော်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
တနင်္သာရီတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)			
(၇) ဦးသိန်းလွင်	၆/ကစန(နိုင်) ၀၃၇၆၅၁	ကျွန်းစုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၈) ဦးထင်ပေါ်	၆/တသရ(နိုင်) ၀၀၁၃၃၂	တနင်္သာရီမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
ပဲခူးတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)			
(၉) ဦးပွင့်ဆန်း	၇/ကတခ(နိုင်) ၀၀၁၄၇၇	ဒိုက်ဦးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၀)ဦးဇော်ဝင်း	၇/ရကန(နိုင်) ၀၂၄၆၆၂	ရွှေကျင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၁)ဦးသက်တင်ထွန်း	၇/ထတပ(နိုင်) ၀၀၃၆၉၄	ထန်းတပင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၂) ဦးထွန်းကိုကို	၇/တငန(နိုင်) ၁၄၁၈၈၇	ရေတာရှည်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၃)ဦးဥာဏ်ဝင်း	၈/မကန(နိုင်) ၀၁၄၂၈၂	ဇီးကုန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၄)ဒေါ်ဝင်းဝင်းမော်	၇/ပတတ(နိုင်) ၀၀၀၃၂၃	ပေါင်းတည်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၅)ဦးမျိုးမြင့်	၇/ကဝန(နိုင်) ၀၄၀၈၁၄	ကဝမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၆)ဦးတင်မျိုးဝင်း	၇/သနပ(နိုင်) ၀၁၈၂၈၇	သနပ်ပင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၇)ဦးသန်းထူးအောင်	၇/ပခတ(နိုင်) ၀၁၇၉၀၀	ပေါက်ခေါင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၈)ဦးသန်းဇော်	၇/ပတန(နိုင်) ၀၄၈၃၈၂	ပန်းတောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၉)ဦးညွန့်မင်းစိုး	၇/မညန(နိုင်) ၀၅၀၉၂၈	မိုးညိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၀) ဦးမျိုးသန့်	၇/မလန(နိုင်) ၀၆၅၀၈၃	မင်းလှမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
မန္တလေးတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)			
(၂၁) ဒေါ်သိင်္ဂီအောင်	၉/စကတ(နိုင်) ၀၀၁၂၁၁	စဉ်ကိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၂) ဦးဝင်းမြင့်	၉/ကပတ(နိုင်) ၀၂၇၄၄၆	ကျောက်ပန်းတောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၃) ဦးကျော်မိုးသက်	၁၂/မဂဒ(နိုင်) ၀၁၆၃၁၁	တံတားဦးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၄) ဦးသိန်းလွင်	၉/မနတ(နိုင်) ၀၃၀၄၁၂	ပြည်ကြီးတံခွန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၅) ဦးယဉ်မောင်ထွန်း(ခ) ဦးယဉ်မောင်ဟိန်း	၉/မခန(နိုင်) ၀၀၀၃၄၅	မဟာအောင်မြေမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၆) ဦးထွန်းထွန်းဦး	၉/ဝတန(နိုင်) ၀၃၂၁၅၃	ဝမ်းတွင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၇) ဦးလွင်မျိုးထွန်း	၉/သစန(နိုင်) ၀၈၈၇၀၁	သာစည်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၈) ဦးဇော်အောင်ထက်	၉/မဟမ(နိုင်) ၀၀၉၅၉၈	အမရပူရမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၉) ဦးနန်းဝင်းထွေး	၉/မတရ(နိုင်) ၁၁၉၈၇၅	မတ္တရာမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
ရန်ကုန်တိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)			
(၃၀)ဒေါ်ရီရီတင်	၁၂/ဗဟန(နိုင်) ၀၅၁၅၁၉	ဗဟန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၁) ဦးမြင့်ခိုင်	၁၂/ပဘတ(နိုင်) ၀၁၃၈၈၈	ပန်းဘဲတန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၂) ဦးနေဝင်း	၁၂/လသန(နိုင်) ၀၀၂၄၃၄	လသာမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၃)ဦးကျော်ဇင်ဟိန်း	၁၂/ကမန(နိုင်) ၀၆၁၈၅၆	ကော့မှူးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၄)ဦးတင်လင်း	၁၂/ကခက(နိုင်) ၀၅၂၁၉၆	ကွမ်းခြံကုန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၅)ဒေါ်ဇာခြည်လင်း	၁၂/ဒဂမ(နိုင်) ၀၁၀၄၅၃	ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၆) ဦးသက်နိုင်	၁၂/ဒပန(နိုင်) ၀၂၇၃၃၃	ဒေါပုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၇)ဦးစည်သူကြည်မြင့်	၁၂/ဥကမ(နိုင်) ၁၇၉၀၃၆	ပုဇွန်တောင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၈)ဦးစိုးမိုးအောင်	၁၂/လမန(နိုင်) ၁၂၂၃၉၆	လှိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၉)ဦးအောင်ကျော်မိုး	၁၂/ဥကတ(နိုင်) ၁၃၂၂၃၅	တောင်ဥက္ကလာပမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၄၀)ဦးအောင်နိုင်သူ	၉/မနမ(နိုင်) ၀၆၇၁၁၄	ကိုကိုးကျွန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၄၁)ဒေါ်ခင်သက်မာ	၁၂/ကမတ(နိုင်) ၀၃၉၃၇၈	ကြည့်မြင်တိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ
(၄၂) ဦးသူရိန်လင်း	၁၂/ဗဟန(နိုင်) ၀၂၄၀၄၆	အင်းစိန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
ရှမ်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)			
(၄၃)ဦးစိုင်းသန်းထွန်း(ခ) ဦးသိန်းသန်းထွန်း	၁၃/ရငန(နိုင်) ၀၄၀၆၈၃	ရွာငံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ဓနုတိုင်းရင်းသားလူမျိုး များဒီမိုကရေစီပါတီ
(၄၄)ခွန်သန်းထူး	၁၃/ဆဆန(နိုင်) ၀၁၅၆၂၃	ဆီဆိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ
(၄၅)ဦးခွန်ထွန်းဖြူ	၁၂/ဗဟန(နိုင်) ၀၁၇၆၈၀	ကလောမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၄၆)ဦးအောင်ကျော်ညွန့်	၁၃/ရစန(နိုင်) ၀၃၆၄၇၄	ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၄၇)ဒေါ်နန်းဆိုင်မွန်း	၁၃/လရန(နိုင်) ၁၂၆၆၃၂	တန့်ယန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၄၈)ဦးစိုင်းခမ်းကော်	၁၃/မရတ(နိုင်) ၀၀၅၉၅၄	မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၄၉)ဦးဝင်းလှိုင်	၉/ပသက(နိုင်) ၀၀၁၄၅၂	ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)
(၅၀) ဦးစိုင်းကျော်မိုး	၁/မကန(နိုင်) ၀၀၈၄၉၁	မိုင်းပန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၅၁)ခွန်ဟန်သိန်းဦး	၁၃/တကန(နိုင်) ၀၆၅၅၅၆	မောက်မယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၅၂) ဒေါ်နန်းမှတ်နွမ်း	၁၃/လရန(နိုင်) ၀၀၃၈၄၇	မိုင်းကိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)
(၅၃)ဒေါ်နန်းအက်(စ်)ကီးမိုး	၁၃/လခန(နိုင်) ၀၂၅၇၁၄	လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)

စာမျက်နှာ ၂၀ သို့

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၂၁/၂၀၂၆)
၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်)

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာခြင်း

၁။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရန်အခြေအနေမရှိသည့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် နှစ်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် နှစ်နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀(စ)အရ ထုတ်ပြန်ကြေညာလိုက်သည်-

စဉ်	မဲဆန္ဒနယ်	ပါဝင်သည့်နယ်မြေများ
ကချင်ပြည်နယ်		
(က)	မံစီမြို့နယ်မဲဆန္ဒနယ်	မံစီမြို့နယ်တစ်ခုလုံး။
(ခ)	မိုးမောက်မြို့နယ်မဲဆန္ဒနယ်	မိုးမောက်မြို့နယ်တစ်ခုလုံး။

၂။ သို့ဖြစ်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကာ အပိုင်းလိုက်ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၆၃ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၇၃ နယ်၊ အချိုးကျကိုယ်စားပြုစနစ်(PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၅၅ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာမျက်နှာ ၁၉ မှအဆက်

စဉ်	အမည်	နိုင်ငံသားစိစစ်ရေး ကတ်အမှတ်	မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ်	ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ
ဧရာဝတီတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)				
(၅၄)	ဦးသိန်းထွန်း	၁၄/ပသရ(နိုင်) ၀၀၉၈၄၇	ကျောင်းကုန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၅၅)	စောသက်နိုင်ဦး	၁၄/ပသရ(နိုင်) ၀၃၇၄၇၈	ကန်ကြီးထောင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၅၆)	ဦးကိုကိုဇင်	၁၄/သပန(နိုင်) ၀၅၀၈၆၀	သာပေါင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၅၇)	ဦးကြည်ကိုကို	၁၄/ကလန(နိုင်) ၀၀၈၉၈၇	ကျိုက်လတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၅၈)	ဦးကျော်ကျော်(ခ) ဦးကျော်မျိုးတင်	၁၄/ဖပန(နိုင်) ၀၀၉၈၂၈	ဖျာပုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၅၉)	ဦးလှဌေး	၁၄/ဘကလ(နိုင်) ၀၀၇၈၅၃	ဘိုကလေးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၆၀)	ဦးမင်းကျင်စံ(ခ) ဦးဇာနည်ကျင်စံ	၁၀/ကထန(နိုင်) ၀၆၆၃၁၁	ပန်းတနော်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၆၁)	ဦးစောမြသိန်း	၁၄/ဝခမ(နိုင်) ၀၁၁၄၀၃	ဝါးခယ်မမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ
(၆၂)	ဦးခင်မောင်ဝင်း	၁၄/အမန(နိုင်) ၀၀၇၈၅၃	အိမ်မဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
ကယားပြည်နယ်လွှတ်တော်(ဗမာတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်)				
(၆၃)	ဒေါ်ခင်သန္တာထွန်း	၁၂/မဂတ(နိုင်) ၁၀၀၂၃၆	ဗမာတိုင်းရင်းသား လူမျိုးမဲဆန္ဒနယ်	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
မကွေးတိုင်းဒေသကြီးလွှတ်တော်(ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်)				
(၆၄)	ဦးထွန်းခင်	၈/စတရ(နိုင်) ၀၀၂၇၆၂	ချင်းတိုင်းရင်းသား လူမျိုးမဲဆန္ဒနယ်	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
မွန်ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်)				
(၆၅)	ဦးမျိုးမင်းလှိုင်	၁၀/ခဆန(နိုင်) ၀၀၀၆၁၄	ဗမာတိုင်းရင်းသား လူမျိုးမဲဆန္ဒနယ်	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၆၆)	ဦးအောင်ကျော်သိန်း	၁၀/ကမရ(နိုင်) ၀၅၄၈၅၁	ကရင်တိုင်းရင်းသား လူမျိုးမဲဆန္ဒနယ်	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၆၇)	ဦးချစ်သိန်း	၁၀/သထန(နိုင်) ၁၅၀၅၃၃	ပအိုဝ်းတိုင်းရင်းသား လူမျိုးမဲဆန္ဒနယ်	ပအိုဝ်းအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

"ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေဆိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"အခုချိန်ထိ လုပ်နေတာတွေက ဘယ်သူ့ အတွက်လဲ မစဉ်းစားနိုင်သေးတဲ့ အကြမ်းဖက် PDF တွေရဲ့ တောက္ခါအင်းတိုက်ခိုက်မှုကြောင့် ပြည်သူတွေဒုက္ခထပ်ရောက်နေရ"** ခေါင်းစဉ်ဖြင့် ၂၁-၁-၂၀၂၆ ရက် (**ယနေ့**) မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၈-၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"သီပေါမြို့တွင် ဖမ်းဆီးရမိခဲ့သော ငွေလိမ်ဂိုဏ်းသုံးဆက်စပ်ပစ္စည်းများနှင့် မူးယစ်ဆေးဝါးများသည် သမိုင်းတွင် ပမာဏအများဆုံးဖြစ်လာခဲ့"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၃၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူ့သို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ ဈေးနှုန်း ၆၀၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၀

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် "အရိန္ဒမာ" ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလလုံခြုံရေးဆိုင်ရာ ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)နှင့် အပိုင်း(၂)တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ကြေညာထားသည့် နေ့ရက်များအလိုက် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပခဲ့ရာ မဲရုံများသို့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ အနက် ဆန္ဒမဲ လာရောက်ပေးခဲ့မှုမှာ ရွေးကောက်ပွဲအပိုင်း(၁)တွင် ၅၂ ဒသမ ၁၃ ရာခိုင်နှုန်းရှိခဲ့ပြီး ရွေးကောက်ပွဲ အပိုင်း(၂)တွင် ၅၅ ဒသမ ၉၅ ရာခိုင်နှုန်းထိ ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အကြမ်းဖက်သမားများက နှောင့်ယှက်ဟန့်တားဖျက်ဆီးသည့် အကြမ်းဖက် လုပ်ဆောင်ချက်များရှိခဲ့သော်လည်း မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ လွတ်လပ်သည့် သဘောဆန္ဒအလျောက် တက်တက်ကြွကြွ စည်းကမ်းရှိစွာ ဆန္ဒမဲများပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

ရွေးကောက်ပွဲအပိုင်း(၁) ကျင်းပပြုလုပ်စဉ်က ကြုံတွေ့ခဲ့ရသည့် အားနည်းချက်များကို ပြန်လည်သုံးသပ်၍ ပိုမိုလုံခြုံစိတ်ချကောင်းမွန်သော လုံခြုံရေးဆိုင်ရာအစီအမံများအတိုင်း အင်အားဖြည့်တင်း၍ ဆောင်ရွက်ခဲ့ရာ ရွေးကောက်ပွဲအပိုင်း(၂)ကို ပိုမိုကောင်းမွန်စွာ ကျင်းပပေးနိုင်ခဲ့သဖြင့် ဆက်လက်ကျင်းပမည့် ရွေးကောက်ပွဲအပိုင်း(၃)ကိုလည်း မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာ လုံခြုံမှုရှိစွာဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ လုံခြုံရေးစီမံချက်များအတိုင်း အင်အားဖြည့်တင်းပြီး ထိထိရောက်ရောက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများနှင့် လွတ်တော် ကိုယ်စားလှယ်လောင်းများ အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း လုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်ကြေညာထားသည့် စည်းကမ်းချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်စေရေး တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်မှ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်သူများကို ဖော်ထုတ်အရေးယူခြင်းများဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၉ ရက်ထိ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"အရ အရေးယူဆောင်ရွက်မှု ၃၃၁ မှုတွင် တရားခံ အမျိုးသား ၃၂၄ ဦး၊ အမျိုးသမီးဦးရေ ၈၀ စုစုပေါင်း ၄၀၄ ဦးရှိခဲ့ပြီး ဆက်လက်၍လည်း ရွေးကောက်ပွဲလုံခြုံရေးကို ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများ ကျူးလွန်နေသူများကို စုံစမ်းဖော်ထုတ် အရေးယူခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရွေးကောက်ပွဲအပိုင်း(၃)တွင် ပါဝင်သည့် တိုင်းဒေသကြီး၊ ပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ရွေးကောက်ပွဲအပိုင်း(၃)အတွက် လုံခြုံရေး ဆောင်ရွက်ထားရှိမှု အစီအမံများ၊ ရွေးကောက်ပွဲကျင်းပပြီးနောက် ရွေးချယ်ခံ လွတ်တော်ကိုယ်စားလှယ်များ၏ လုံခြုံရေးနှင့် လွတ်တော်အသီးသီး ခေါ်ယူကျင်းပနိုင်ရေး လုံခြုံရေးအစီအမံများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး ဗဟိုကော်မတီ အဖွဲ့ဝင်များ၊ ဒုတိယဥက္ကဋ္ဌများနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ကိုယ်စားလှယ်များက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင်ပါဝင်သည့် ပုသိမ်ကြီးမြို့နယ်အတွင်း မဲရုံများဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှုစစ်ဆေး

မန္တလေး ဇန်နဝါရီ ၂၀

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)၌ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်ရှစ်မြို့နယ်တွင် ပုသိမ်ကြီးမြို့နယ်ပါဝင်ကာ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၁၇၇၁၄၄ ဦးအတွက် မဲရုံ ၁၃၉ ရုံ စနစ်တကျ ဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်ထားရှိသည်။

ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါပြီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မဲရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရန်ကင်းတောင်ကျေးရွာအုပ်စုတွင် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်း၊ ရေထွက်ကျေးရွာအုပ်စုတွင် အမှတ်(၂၁) အခြေခံပညာမူလတန်းလွန်ကျောင်း၊ မြို့မရပ်ကွက်တွင် ဓမ္မာရုံရှိမဲရုံများကို ပြောင်းရွှေ့ဖွင့်လှစ်ထားသည့် ပုသိမ်ကြီးမြို့နယ် အားကစားခန်းမနှင့် အခြေခံပညာအထက်တန်းကျောင်း(ပုသိမ်ကြီး)သို့ရောက်ရှိပြီး မဲရုံများ ဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ၦင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အခြေခံပညာအထက်တန်းကျောင်း(ပုသိမ်ကြီး)ရှိ အောင်ဇမ္ဗူခန်းမ၌ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်အဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများ၊ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြသူများကိုတွေ့ဆုံ၍ အပိုင်း(၃)တွင် ပါဝင်သည့် မြို့နယ်များအနက် ပုသိမ်ကြီးမြို့နယ်သည် ဆန္ဒမဲပေးမည့် မဲဆန္ဒရှင် ဦးရေအများဆုံးဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအတွက် မဲရုံများအလိုက် ဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်ရာတွင် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာဖြင့်

ဆောင်ရွက်နိုင်ရေး၊ ကဏ္ဍအလိုက် တက်ကြွစွာဖြင့် စီမံကြပ်မတ်ဆောင်ရွက်သွားရေး၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာကြသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

ရွေးကောက်ပွဲများကျင်းပနိုင်ခြင်းမရှိသည့် နယ်မြေများစာရင်းထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၂၂ / ၂၀၂၆)
၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၃ ရက်
(၂၀၂۶ ခုနှစ် ဧနီလ ၂၀ ရက်)

ရွေးကောက်ပွဲများကျင်းပနိုင်ခြင်းမရှိသည့်
နယ်မြေများစာရင်း ထုတ်ပြန်ကြေညာခြင်း

၂၀၂۶ ခုနှစ် ဧနီလဝါရီ ၂၅ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း(၃)တွင် **ကချင်ပြည်နယ်**အတွင်းရှိ အောက်ဖော်ပြပါ နယ်မြေ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ ကျင်းပ ရန်အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများကျင်းပနိုင်ခြင်းမရှိ သည့်နယ်မြေများအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀(စ)အရ ထုတ်ပြန်ကြေညာလိုက်သည်-

စဉ်	မြို့နယ်	ရပ်ကွက်/ကျေးရွာအုပ်စု
၁။	ဗန်းမော်မြို့နယ်	၁။ ခွန်သာရပ်ကွက်၊
		၂။ မြို့မရပ်ကွက်၊
		၃။ အလယ်ရပ် ရပ်ကွက်၊
		၄။ မင်းကုန်းရပ်ကွက်၊
		၅။ ပေါက်ကုန်းရပ်ကွက်၊
		၆။ မင်းကျောင်းကုန်းရပ်ကွက်၊
		၇။ နမ့်ဖားရပ်ကွက်၊
		၈။ ရွှေကျီးနားရပ်ကွက်၊
		၉။ ရွှေပြည်သာရပ်ကွက်၊
		၁၀။ ဟန်းတဲရပ်ကွက်၊
		၁၁။ ခိုကျင်ကျေးရွာအုပ်စု။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ သဘောထားထုတ်ပြန်ကြေညာချက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
သဘောထားထုတ်ပြန်ကြေညာချက်(၁ / ၂၀၂۶)
၂၀၂۶ ခုနှစ် ဧနီလဝါရီလ ၂၀ ရက်
(၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေ ရေးရာဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂۶ ခုနှစ် ဧနီလဝါရီ ၁၂ ရက်မှ ၂၉ ရက်ထိ နယ်သာလန်နိုင်ငံ သည်ဟိတ် မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(International Court of Justice–ICJ)သို့သွားရောက်၍ ဂမ्बီယာနိုင်ငံ၏ စွပ်စွဲချက်များ အား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နေခြင်းသည် နိုင်ငံ တစ်နိုင်ငံအနေဖြင့် တာဝန်ယူမှုရှိသောလုပ်ရပ်တစ်ခုဖြစ်ပြီး နိုင်ငံတကာဥပဒေစည်းမျဉ်းများကို လေးစားလိုက်နာလိုသည့် ဆန္ဒကိုလည်းဖော်ပြနေခြင်းဖြစ်ပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအနေဖြင့် နိုင်ငံ တော်နှင့်သက်ဆိုင်သော အငြင်းပွားမှုများကို တရားဥပဒေ၏ မျှတမှုအပေါ် ယုံကြည်အခြေခံ၍ ထိရောက်ပြတ်သားစွာရင်ဆိုင် ဖြေရှင်းနေမှုကိုအပြည့်အဝကြိုဆိုထောက်ခံပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်မှုသည် ပကတိဖြစ်စဉ်မှန်များကို ပုံဖော်ပေးနိုင် သကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း ပကတိဖြစ်စဉ်များ အပေါ် သိရှိနားလည်စေမည်ဖြစ်ပြီး ယုံကြည်မှုတည်ဆောက်ရေး အတွက်လည်း အရေးပါသောအခြေခံအချက်တစ်ရပ်ဖြစ်သည် ဟု ယုံကြည်ပါသည်။

သို့ပါ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအနေ ဖြင့် နိုင်ငံတော်၏ကိုယ်စား ICJသို့သွားရောက်၍ ဥပဒေအရ ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်း ဆောင်ရွက်မှုများကို ကြိုဆိုထောက်ခံဂုဏ်ပြုမှတ်တမ်းတင် အပ်ပါကြောင်းနှင့် မိမိတို့ပါတီအနေဖြင့် နိုင်ငံတော်၏ မူဝါဒ သဘောထားများနှင့် တစ်သားတည်းရပ်တည်လျက်ရှိနေပါ ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင် ပါဝင်သော တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့များသို့ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များ ရေလမ်းခရီးဖြင့် သယ်ယူပို့ဆောင်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧနီလဝါရီ ၂၀

တနင်္သာရီတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေး ကောက်ပွဲအပိုင်း(၃)၌ပါဝင်သော ပုလော၊ ပလောက်မြို့တို့သို့ မြန်မာအီလက်ထရော နစ်မဲပေးစက်(MEVM)များ ရေလမ်းခရီးဖြင့် ပို့ဆောင်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ဆိပ်ငယ်တံတားခ၊ စက်လှေများပေါ်သို့ MEVMစက်များ သယ်ယူနေရာချထား ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်နေမှုအခြေအနေများ ကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု စစ်ဆေးကာ MEVMစက်များ ထိခိုက် ပျက်စီးမှုမရှိစေရေး၊ လမ်းခရီးတွင် ဘေး အန္တရာယ်ကင်းရှင်းစေရေး၊ လုံခြုံရေးပိုင်း ဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ တာဝန်ရှိ သူများကို မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ကမ်းရိုးတန်း ဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန် မြိတ်မြို့ဆိပ်ငယ်တံတားခ၊ စက်လှေများပေါ်သို့ MEVMစက်များ သယ်ယူနေရာချထားခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာထားခြင်းမှ ပယ်ဖျက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၂၃ / ၂၀၂۶)
၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၃ ရက်
(၂၀၂۶ ခုနှစ် ဧနီလဝါရီလ ၂၀ ရက်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်
အမည်စာရင်းကြေညာထားခြင်းမှ ပယ်ဖျက်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ်(၂၁/၂၀၂۶) ဖြင့် ကချင်ပြည်နယ် မံစီမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်ကို ရွေးကောက်ပွဲကျင်းပ နိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်မြေများအဖြစ် ထုတ်ပြန်ကြေညာခဲ့သည့်အတွက် ၂-၁-၂၀၂۶ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ်(၁/၂၀၂۶) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မံစီမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကွမ်ဆန်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)အား မံစီမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာထားခြင်းမှပယ်ဖျက်ကြောင်း ကြေညာ လိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှု ထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သား သမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့ စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ် ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟုသက်ဆိုင်ရာ ဥပဒေကပြဋ္ဌာန်းထား သည့်အတိုင်းသတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေး သော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ(ကိတ္တိ မသားသမီးများ၊ မွေးစား သားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှု ထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်း ဆောင်ရန်ခွင့်ပြုနိုင်သည်။

(စ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစား ပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(ဆ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော် စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်း ခိုင်လုံစွာတင်ပြနိုင်သူများ။

ဂမ်ဘီယာနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်သည့် ကြားနာပွဲတွင် မြန်မာနိုင်ငံ၏ ရှေ့နေများက ဆက်လက်တုံ့ပြန်ချေပလျှောက်ထား

နေပြည်တော် ဇန်နဝါရီ ၂၀

ဂမ်ဘီယာနှင့် မြန်မာနိုင်ငံတို့၏အမှုနှင့်ပတ်သက်၍ ကြားနာပွဲ(Oral Hearing) ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်ထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံး၌ပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံ၏ ပထမအကျော့တင်ပြလျှောက်ထားခြင်းကို ဇန်နဝါရီ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီထိပြုလုပ်ခဲ့ရာ ရှေးဦးစွာ မြန်မာနိုင်ငံ၏ရှေ့နေ Mr. Sam-Bloom Cooper နှင့် မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေMr.Christopher Staker တို့က တုံ့ပြန်ချေပလျှောက်လဲခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ၏ ရှေ့နေMs. Leigh Lawrie က အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးဟုဆိုကာ တပ်မတော်က ဘဂ်လီများအပေါ် လူမျိုးသုဉ်းစေရန် ရည်ရွယ်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘဂ်လီရွာတိုင်းတွင် စစ်ဆင်ပုံ (pattern of conduct)ကို တစ်ပုံစံတည်းဆောင်ရွက်ခဲ့ကြောင်း ဂမ်ဘီယာက စွပ်စွဲမှုကို ရွာ ၄၂ ရွာဖြစ်စဉ်များနှင့် ကိုးကားတုံ့ပြန်ချေပခဲ့ပြီး မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေMr. Christopher Stakerက ဘဂ်လီများအပေါ် လူမျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်ဖြင့် ချမှတ်ခဲ့ပြီး ခွဲခြားဆက်ဆံသည်ဟု ဂမ်ဘီယာကစွပ်စွဲထားသောဥပဒေများနှင့် မူဝါဒများနှင့်စပ်လျဉ်း၍ ချေပလျှောက်လဲခဲ့သည်။ **(မြန်မာနိုင်ငံ၏ရှေ့နေ Ms. Leigh Lawrie နှင့်မြန်မာနိုင်ငံ၏ဦးဆောင်ရှေ့နေ Mr. Christopher Staker တို့၏ တုံ့ပြန်ချေပလျှောက်လဲချက်များကို သီးခြားဖော်ပြထားပါသည်။)** (သတင်းစဉ်)

အကြမ်းဖက်နှိမ်နင်းမှု စစ်ဆင်ရေးဟုဆိုကာ တပ်မတော်က ဘဂ်လီများအပေါ် လူမျိုးသုဉ်းစေရန်ရည်ရွယ်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘဂ်လီရွာတိုင်းတွင် စစ်ဆင်ပုံ(pattern of conduct)ကို တစ်ပုံစံတည်း ဆောင်ရွက်ခဲ့ကြောင်း ဂမ်ဘီယာက စွပ်စွဲမှုကို မြန်မာနိုင်ငံ၏ရှေ့နေ Ms. Leigh Lawrie က ရွာ ၄၂ ရွာဖြစ်စဉ်များနှင့် ကိုးကားတုံ့ပြန်ချေပချက်

မြန်မာအနေဖြင့် လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက်မရှိကြောင်းကို ရွာများတွင်ဖြစ်ပွားခဲ့မှုများကို အသေးစိတ်ခွဲခြားစိတ်ဖြာ လေ့လာလျှောက်လဲမည်ဖြစ်ကြောင်း။

ဂမ်ဘီယာ၏ အဓိကစွပ်စွဲချက်မှာ တပ်မတော်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘဂ်လီရွာများကို တစ်ပုံစံတည်းစစ်ဆင်ခဲ့ပြီး ရွာတိုင်းတွင် လူပေါင်းရာချီကို သတ်ဖြတ်မှု၊ရက်စက်ကြမ်းကြုတ်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့ကို တစ်ပုံစံတည်းပြုလုပ်ခဲ့သည်ဟုဆိုကာ လူမျိုးသုဉ်းစေရန် ရည်ရွယ်ခဲ့သည်ဟု စွပ်စွဲထားခြင်းဖြစ်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် ယင်းစွပ်စွဲမှုကို သက်သေပြနိုင်ခြင်းမရှိပါက လူမျိုးသုဉ်းစေမှုမမြောက်ပါကြောင်း၊ ထို့ကြောင့် တပ်မတော်က ရွာတိုင်းတွင် စစ်ဆင်ပုံ(pattern of conduct) တစ်ပုံစံတည်းမဟုတ်ကြောင်း ရှင်းလင်းလျှောက်လဲသွားမည်ဖြစ်ကြောင်း။

ပထမအချက်အနေဖြင့် ဂမ်ဘီယာအနေဖြင့် စုစုပေါင်း ရွာမည်မျှတွင် တစ်ပုံစံတည်းဆောင်ရွက်ထားသည်ကို ဖော်ပြနိုင်ခြင်းမရှိကြောင်း၊ ၎င်းတို့၏ အဆိုလွှာတွင် အဓိက သုံးနေရာ၊အခြား ၃၈ ရွာ ဖော်ပြခဲ့ကြောင်း၊ ဒုတိယမြောက်အဆိုလွှာတွင် နောက်ထပ် ရွာ လေးရွာ ထပ်မံဖော်ပြခဲ့သဖြင့် စုစုပေါင်း ရွာ ၄၆ ရွာကို ဆိုလိုခြင်းဟုယူဆရပြီး ယခင်က ရွာပေါင်းရာချီဟုဆိုလိုခြင်း မဖြစ်နိုင်ကြောင်း၊ ၂၀၁၇ ခုနှစ် သြဂုတ်လ ဖြစ်စဉ်မတိုင်မီ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဘဂ်လီရွာ သို့မဟုတ် ဘဂ်လီရှိသည့်ရွာ စုစုပေါင်း ၅၀၉ ရွာရှိကြောင်း၊ သို့ဖြစ်ရာ ဂမ်ဘီယာက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘဂ်လီနေထိုင်သည့် ရွာများ ထဲမှ ၁၀ ရာခိုင်နှုန်းသောရွာများကို စွပ်စွဲနေခြင်းဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် စစ်ဆင်ရေးတစ်ပုံစံတည်းဆောင်ရွက်ခဲ့ခြင်းဆိုသည့် consistent pattern စွပ်စွဲချက်ကို သက်သေအထောက်အထား အခိုင်အလုံ

ဖြင့် လေ့လာဖော်ပြနိုင်ခြင်းမရှိကြောင်း၊ တစ်ပုံစံတည်းဟုဆိုရာတွင်ရွာအားလုံးတွင် ထပ်ကာတလဲလဲဖြစ်ရပ်များ ရှိရန်လိုအပ်ကြောင်း၊ သို့မဟုတ်ပါက စွပ်စွဲချက်မှာ ခန့်မှန်းချက်သက်သက်သာ ဖြစ်သည်ဟုသာ ယူဆနိုင်ကြောင်း။

တတိယအချက်အနေဖြင့် စွပ်စွဲချက်များကို တိတိပပဖော်ပြနိုင်ခြင်းမရှိသလို သက်သေထွက်ဆိုချက်များတွင် မည်သူမည်ဝါဖြစ်ကြောင်း၊ မည်သည့်ရက်တွင် မည်သည့်နေရာ၌ ဖြစ်ပွားကြောင်းကို ဖော်ပြနိုင်ခြင်းမရှိကြောင်း၊ စွပ်စွဲချက်များတွင် "လျှာနှင့် လက်များပြတ်နေသည်"၊ "ရာပေါင်းများစွာသော အလောင်းများကို သစ်ပင်၌ချိတ်ဆွဲထားသည်" "ဦးခေါင်းများ ဘောလုံးများကဲ့သို့ ရေထဲ၌မျောနေသည်"ဆိုသည့်စွပ်စွဲချက်များကို Public International Law & Policy Group(PILPG) နှင့် US State Department တို့မှရရှိသည်ဟုသိရှိရကြောင်း၊ PILPG ၏ အစီရင်ခံစာတွင် မေးမြန်းချက်များသာဖြစ်ပြီး US State Department အစီရင်ခံစာက အချက်အလက်များအား မည်သို့ရရှိထားသည်ကို ဖော်ပြထားခြင်းမရှိကြောင်း၊ အဆိုပါ အချက်အလက်များသည် ခံစားချက်အပြည့်ပါသော်လည်း ယခုကိစ္စသည် ခံစားချက်ကို ဖော်ကျူးရန်မဟုတ်ကြောင်း၊ ယင်းသို့ မသေချာမရေရာသည့်စွပ်စွဲချက်များကို မြန်မာသာမက မည်သည့်နိုင်ငံမှ အပြုသဘော တုံ့ပြန်ရန်မဖြစ်နိုင်ကြောင်း။

စတုတ္ထအချက်အနေဖြင့် ဂမ်ဘီယာက သက်သေခိုင်လုံမှုကို ပြသရမည့်အစား မြန်မာက သက်သေအထောက်အထားများကို အသေးစိတ်လေ့လာပေးနေရကြောင်း၊မြန်မာအနေဖြင့် တစ်ရွာချင်းကို သုံးသပ်လေ့လာခဲ့ရာ ဂမ်ဘီယာက စွပ်စွဲသကဲ့သို့ ရွာ ၄၆ ရွာတွင် တစ်ပုံစံတည်း စစ်ဆင်ရေးပြုလုပ်ခဲ့သည်မှာ မှန်ကန်မှုမရှိသည်ကို တွေ့ရှိရကြောင်း။

သို့ဖြစ်ရာ စစ်ဆင်ရေးဆောင်ရွက်ပုံရှိခဲ့သည်ဟု ဖော်ပြမည်ဆိုပါက တပ်မတော်အနေဖြင့် ARSA အကြမ်းဖက်အဖွဲ့အစည်း၏ အကြမ်းဖက်မှုကိုတုံ့ပြန်ခြင်းသာဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပစ်မှတ်ကို အဓိကထားချေမှုန်းခြင်းဖြစ်ပြီး အချိန်အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ဂမ်ဘီယာ၏ စွပ်စွဲချက်များတွင် ပါရှိသောရွာ ၄၂ ရွာဖြစ်သည့် ဂူတာပြင်၊ အလယ်သံကျော်၊ မြင်းလွှတ်၊ ကျောက်ပန္နား၊ ကိုးတန်ကောက်၊ ချိန်ခါလီ၊ အင်းဒင်၊ ဒိုးတန်း၊ ငါးခူရ၊ ငါးစားကြူး၊ ကြက်ရိုးပြင်၊ ပွင့်ဖြူချောင်း၊ ဦးရှည်ကျ၊ မျောတောင်၊ ရေခတ်ချောင်းဝဆုံ၊ ဒါးကြီးဇား၊ ဝပိတ်၊ ဒါးပိုင်ဆရာ၊ ငန်းချောင်း၊ ဖားဝတ်ချောင်း၊ ဇင်ပိုင်ညာ၊ ကြိမ်ချောင်း၊ ဒုံးပိုက်၊ ရီးဒါး၊ လောင်းခုံ၊ နောင်ဒါခါလီ၊ ဖောင်တော်ပြင်၊ ခြင်းသမား၊ မောင်ကြီးထောင့်၊ ခုံတိုင်၊ မြောင်းနာ၊ ယင်းမကျောင်းတောင်၊ တောင်ဘဇာ၊ သင်္ဘောကွဲ၊ ဖက်လိပ်၊ ဂေါ်ဒုသာရ၊ လာဘာဒေါင်၊ ဟန်ချာမဂူလန်၊ ကွမ်းသီးပြင်၊ တမန်းသား၊ ဒုအိုးသည်မ၊ ကာလာဒေးဖက်၊ သပြေတော၊ ပန်းဘဲချောင်းတို့ကို အသေးစိတ်လေ့လာကြည့်ခဲ့ပါကြောင်း။

ယင်းသို့ လေ့လာကြည့်ရာတွင် ပထမအချက်အနေဖြင့် ဂမ်ဘီယာ အဓိကစွပ်စွဲချက်မှာ တပ်မတော်အနေဖြင့် ရခိုင်ပြည်နယ်ရှိ ရာချီသောဘဂ်လီရွာများကို တစ်ပုံစံတည်း စစ်ဆင်တိုက်ခိုက်ခဲ့ပြီး ယင်းကို ရွာ ၄၆ ရွာဖြင့် သက်သေပြခဲ့သည်ကိုတွေ့ရှိခဲ့ကြောင်း။

ဒုတိယအချက်အနေဖြင့် အသေးစိတ်လေ့လာတွေ့ရှိချက်များအရ အထူးသဖြင့် ရွာ ၄၂ ရွာတွင် စစ်ဆင်ရေးကို တစ်ပုံစံတည်းပြုလုပ်သည်ကိုမတွေ့ရှိရကြောင်း၊ ရွာ ၁၇ ရွာ သို့မဟုတ် စွပ်စွဲခံရသည့်ရွာအားလုံး၏ တစ်ဝက်နီးပါးတွင် မည်သည့်လိင်အကြမ်းဖက်မှုမျိုးမျှ ဖြစ်ပွားခဲ့သည်ဟု စွပ်စွဲထားခြင်းမရှိကြောင်း၊ ရွာ ၁၂ ရွာ သို့မဟုတ် ရွာအားလုံး၏ လေးပုံ တစ်ပုံတွင် သတ်ဖြတ်မှုများ မရှိခဲ့ကြောင်း၊ ဖြစ်ပွားခဲ့သည့်ရွာ ၁၁ ရွာဆိုသည်မှာ ၂၀၁၆ ခုနှစ်က ဖြစ်စဉ်များဖြစ်ကြောင်း၊ ရွာသုံးရွာတွင် စွပ်စွဲမှုတစ်ခုသာရှိပြီး သေဆုံးသူတစ်ဦးသာရှိကြောင်း။

တတိယအချက်အနေဖြင့် ရွာတစ်ရွာချင်းစီကို အသေးစိတ်လေ့လာရာတွင် တပ်မတော်က ARSA ၏ အကြမ်းဖက်မှုကို တုံ့ပြန်တိုက်ခိုက်ခြင်း၊ အချိန်အကန့်အသတ်ဖြင့်သာ တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ၂၀၁۶ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် အာဆာအကြမ်းဖက်တိုက်ခိုက်မှုများမှာ ပူးပေါင်းချိတ်ဆက်ပြီး ဆက်တိုက်တိုက်ခိုက်ခဲ့သည်ကို တွေ့ရှိရသဖြင့် ထိုအချိန်ကာလအပိုင်းအခြားတွင် အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ဂမ်ဘီယာက "တပ်မတော်၏ စစ်ဆင်ရေးကို အုံ့ဩဖွယ်ရာ တိုက်ဆိုင်မှု"၊ ရွာ ဂ၆ ရွာကို တစ်ပြိုင်တည်း တိုက်ခိုက်မှုကို မတော်တဆဟုဆို၍ မရကြောင်း"ဟူသော စွပ်စွဲချက်များကို ကြည့်ခြင်းအားဖြင့် ထိုအချိန်ကာလတွင် မြေပြင်၌ဖြစ်ပွားခဲ့သည့် အခြေအနေများကို အသိအမှတ်ပြုရန် ပျက်ကွက်နေကြောင်း၊ ဂမ်ဘီယာသည် ယခုထက်တိုင် မြန်မာက ဖော်ညွှန်း သည့် ARSA ၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ငြင်းဆိုခြင်း မပြုသော်လည်း မသိကျိုးကျွံပြုသည့် ရပ်တည်ချက်ထားရှိသည်မှာ ရိုးသားမှုမရှိကြောင်း လျှောက်လဲခဲ့သည်။

ပြည်သူများထံ အသိပေးပန်ကြားချက်

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည် ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

ဘင်္ဂါလီများအပေါ် လူမျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်ဖြင့်ချမှတ်ခဲ့ပြီး ခွဲခြားဆက်ဆံသည်ဟု ဂမ်ဘီယာက စွပ်စွဲထားသော ဥပဒေများနှင့် မူဝါဒများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Christopher Staker က ချေပလျှောက်လဲချက်

မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီများအပေါ် ခွဲခြားဆက်ဆံသည့် ဥပဒေများနှင့် မူဝါဒအမျိုးမျိုးကို ကျင့်သုံးခဲ့သည်ဟု လူမျိုးသုဉ်းစေမှု၏ ရှေ့ပြေးနိမိတ်များ သို့မဟုတ် ၎င်းတို့ကိုယ်တိုင်လူမျိုးသုဉ်းစေမှု လုပ်ရပ်များဖြစ်သည်ဟု စွပ်စွဲထားခြင်းအပေါ် မြန်မာနိုင်ငံ၏ ချေပလွှာတစ်ခုချင်းစီ၏ အခန်း(၁၀)တွင် တုံ့ပြန်ထားပြီးဖြစ်ပါကြောင်း၊ ယင်းစွပ်စွဲချက်များကိုကြည့်ပါက ဂမ်ဘီယာအနေဖြင့် သတိမမူဘဲ အဆုံးစွန်သော စွပ်စွဲချက်များကို လက်လွတ်စပယ် ပြုလုပ်နေသည်မှာ ထင်ရှားပါကြောင်း။

မြန်မာနိုင်ငံသည် ၁၉၈၂ ခုနှစ်တွင် နိုင်ငံသားဖြစ်မှုဥပဒေအရ နိုင်ငံသားအမျိုးအစား သုံးမျိုးကို သတ်မှတ်ခဲ့ပြီး ၎င်းတို့ကို "နိုင်ငံသား"၊ "ဧည့်နိုင်ငံသား" နှင့် "နိုင်ငံသားပြုခွင့်ရသူ"ဟု ခေါ်ဆိုပါကြောင်း၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတစ်ဦးသည် "နိုင်ငံတော်ကောင်စီက အခါအားလျော်စွာ သတ်မှတ်သော အခွင့်အရေးများမှ အပ..[အပြည့်အဝ] နိုင်ငံသားတစ်ဦး၏ အခွင့်အရေးများကို" ခံစားခွင့်ရှိပါကြောင်း၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတစ်ဦးသည် ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော်လည်း ကိုယ်စားလှယ်လောင်းအဖြစ် အရွေးချယ်ခံပိုင်ခွင့်မရှိပါကြောင်း၊ သို့သော်လည်း ၎င်းတို့သည် နိုင်ငံသားကဲ့သို့ပင် မြန်မာနိုင်ငံ၏ မည်သည့်နေရာတွင်မဆို နေထိုင်အလုပ်လုပ်ကိုင်နိုင်ပြီး မြန်မာနိုင်ငံကူးလက်မှတ် ရရှိပိုင်ခွင့်ရှိပါကြောင်း၊ ဤဥပဒေပါ မည်သည့်အချက်မျှ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ဘင်္ဂါလီများအပေါ်သာ သီးသန့်သက်ရောက်ခြင်း မရှိပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် နိုင်ငံသားဖြစ်မှု သို့မဟုတ် လူမျိုးအဆင့်အတန်း တစ်မျိုးထက်ပို၍ ရှိသည့် တစ်ခုတည်းသော နိုင်ငံမဟုတ်ပါကြောင်း၊ နိုင်ငံသားဖြစ်မှု ပုံစံအမျိုးမျိုးတည်ရှိနေခြင်းသည် လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက်ဖြစ်သည်ဟု ဆိုရန်ခက်ခဲပါကြောင်း၊ ဂမ်ဘီယာသည် ဘင်္ဂါလီများမှာ နိုင်ငံသားဖြစ်ခွင့် "ငြင်းပယ်ခံထားရသည်"ဟူသော အမြင်ကို ဖန်တီးရန် ကြိုးပမ်းနေပုံရပြီး ယင်းအချက်မှာ မှန်ကန်ခြင်းမရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ဘင်္ဂါလီအချို့မှာ အပြည့်အဝနိုင်ငံသားများဖြစ်ကြပြီး အချို့မှာ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူများဖြစ်ကြကာ အချို့မှာမူ လျှောက်ထားပါက နိုင်ငံသားအဆင့်အတန်းတစ်မျိုးမျိုး ရရှိပိုင်ခွင့်ရှိသူများဖြစ်ပါကြောင်း၊ အမှန်စင်စစ် ဤဥပဒေသည် ဘင်္ဂါလီလူဦးရေကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာ ဖျက်ဆီးရန်ရည်ရွယ်ချက်ကို မည်သို့ ဖော်ပြနေသည်ကို ဂမ်ဘီယာက ခိုင်လုံသောသက်သေ အထောက်အထား တစ်စုံတစ်ရာမျှ တင်ပြနိုင်ခြင်းမရှိပါကြောင်း။

၂၀၁၅ ခုနှစ်မှစ၍ "NV" လုပ်ငန်းစဉ်အရ နိုင်ငံသားစိစစ်ခံရသူ၏ သက်သေခံကတ် "NVC" စာရွက်စာတမ်းအတွက် ကနဦးလျှောက်ထားရန် လိုအပ်ပါကြောင်း၊ နိုင်ငံသားဖြစ်မှုပုံစံ တစ်မျိုးမျိုးအတွက် အရည်အချင်းမပြည့်မီသူများကို နိုင်ငံသားကတ်ထုတ်ပေးမည် မဟုတ်သော်လည်း မြန်မာနိုင်ငံတွင် ဆက်လက်နေထိုင်နိုင်ပြီး NVC ကို ဆက်လက်ကိုင်ဆောင်နိုင်ပါကြောင်း။

ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီအမြောက်အမြားသည် မြန်မာနိုင်ငံအခြားနေရာများမှသူများကဲ့သို့ပင် NVC လျှောက်ထားခဲ့ကြပါကြောင်း၊ ထိုသို့လျှောက်ထားသူများအနက် အများစုသည် နောက်ပိုင်းတွင် နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ စိစစ်ရေးကတ်များရရှိခဲ့ကြပါကြောင်း၊ သို့သော် NVC မလျှောက်ထားသော ဘင်္ဂါလီအမြောက်အမြားလည်း ရှိနေပါကြောင်း၊ NVC ကိုင်ဆောင်ထားသူသည် မိမိတို့၏ မြို့နယ်အတွင်း လွတ်လပ်စွာသွားလာနိုင်ပါကြောင်း၊ ဂမ်ဘီယာသည် NVC လျှောက်ထားသော ဘင်္ဂါလီတစ်ဦးအနေဖြင့် ၎င်းတို့၏ လူမျိုးအမည်ကို "ရိုဟင်ဂျာ"ဟု ဖော်ပြခွင့်မရှိဘဲ "ဘင်္ဂါလီ"ဟုသာဖော်ပြရခြင်းကိုသာ အဓိကကန့်ကွက်လိုပုံရပါကြောင်း။

ဘင်္ဂါလီအမြောက်အမြား NVC လျှောက်ထားရန် ငြင်းဆန်ခဲ့ခြင်းမှာ နိုင်ငံရေးအကြောင်းပြချက်များကြောင့် သို့မဟုတ် တက်ကြွလှုပ်ရှားသူများ၏ မလျှောက်ထားရန် ဖိအားပေးမှုကို ခံခဲ့ရခြင်းကြောင့် ဖြစ်နိုင်ပါကြောင်း၊ သို့သော်လည်း လူအများစုက မြန်မာနိုင်ငံ၏စီမံခန့်ခွဲမှုဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရန်ငြင်းဆန်ခြင်းသည် မြန်မာနိုင်ငံ၏ လူမျိုးသုဉ်းစေမှုရည်ရွယ်ချက်အတွက် သက်သေမဟုတ်ပါကြောင်း၊ အချို့သော တက်ကြွလှုပ်ရှားသူများသည် ဘင်္ဂါလီများကို မွေးရာပါ နိုင်ငံသားဖြစ်ခွင့် အလိုအလျောက်ရရှိမည့် မြန်မာနိုင်ငံ၏ တိုင်းရင်းသားမျိုးနွယ်စုတစ်ခုအဖြစ် အသိအမှတ်ပြုရန် တောင်းဆိုနေကြခြင်း ဖြစ်နိုင်ပါကြောင်း၊ သို့သော် မြန်မာနိုင်ငံက ထိုကဲ့သို့သော နိုင်ငံရေးတောင်းဆိုချက်များကို မလိုက်လျောခြင်းသည် သက်ဆိုင်ရာလူဦးရေကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာ ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိနေခြင်း မဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ အာဏာပိုင်များသည် ဘင်္ဂါလီများကို NVC လျှောက်ထားရန်နှင့် လက်ခံရန် ဖိအားပေးနေကြောင်း ဂမ်ဘီယာ၏ အဆိုကို မြန်မာနိုင်ငံက လက်ခံထားခြင်း မရှိပါကြောင်း၊ ယင်းအဆိုမှန်ကန်သည်ဖြစ်စေ ဤသည်မှာ ဘင်္ဂါလီလူဦးရေကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာ ဖျက်ဆီးရန်ရည်ရွယ်ချက်ကို ဖော်ပြနေခြင်းဖြစ်သည်ဟုဆိုရန် ခက်ခဲပါကြောင်း။

ဘင်္ဂါလီအမြောက်အမြား နယ်စပ်ဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ထွက်ပြေးခဲ့သည့်ဖြစ်စဉ်များ ၁၉၇၈ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၁ ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ UNHCR တို့ ပူးပေါင်းသဘောတူညီချက်ဖြင့် ပြန်လည်ပို့ဆောင်ခဲ့ပါကြောင်း၊ သက်သေအထောက်အထားများအရ ထိုလူဦးရေပမာဏကို လျှော့ချရန် သို့မဟုတ် ဘင်္ဂလားဒေ့ရှ်သို့ နှင်ထုတ်ရန်လုပ်ဆောင်ခဲ့သည့် ရည်ရွယ်ချက်ကိုပင် ဖော်ပြနိုင်ခြင်းမရှိ၊ လူမျိုးသုဉ်းစေမှုပြုလုပ်သည်ဟု မသတ်မှတ်နိုင်သကဲ့သို့ စွပ်စွဲချက်များသည် အခြေအမြစ်မရှိပါကြောင်း၊ ဖြစ်စဉ်များအပြီးတွင် မြန်မာနိုင်ငံက ပြန်လည်လက်ခံရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းသည် လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက်ရှိနေသည်ဟူသောအချက်နှင့် ဆန့်ကျင်နေပါကြောင်း၊ ဂမ်ဘီယာက တင်ပြထားသော သက်သေများသည် UNHCR ဆိုင်ရာ အထူးကိုယ်စားလှယ်များနှင့် NGO များ၏ အစီရင်ခံစာများဖြစ်ပြီး အသေးစိတ်အချက်အလက်များ သို့မဟုတ် သက်သေအထောက်အထားများမပါဝင်ဘဲ ယေဘုယျဆန်သော ဖော်ပြချက်များသာဖြစ်သည့်အတွက် သက်သေအဖြစ် အသိအမှတ်မပြုသင့်ပါကြောင်း။

"ကလေးမွေးဖွားမှုကို ကန့်သတ်ထားသည်ဆိုသော စွပ်စွဲချက်များနှင့်"စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေလေးခုကို ဘင်္ဂါလီများ ကလေးမွေးဖွားမှုကို ကန့်သတ်သည့် မျိုးစောင့်ဥပဒေများအဖြစ် စွပ်စွဲဖော်ပြထားရာ ယင်းဥပဒေများနှင့် ပတ်သက်၍ မြန်မာက အချေလွှာတွင်ထည့်သွင်းချေပခဲ့ပြီး ယင်းတို့အပေါ် ဂမ်ဘီယာက တုံ့ပြန်နိုင်ခြင်း မရှိကြောင်း၊ အစိုးရက သတ်မှတ်ထားသော နယ်မြေများတွင် သားဆက်ခြားသည့် အစီအစဉ်များအတွက် လုပ်ငန်းစဉ်များ ပြဋ္ဌာန်းထားခြင်းသည် နိုင်ငံလုံးဆိုင်ရာဥပဒေဖြစ်ပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ဘင်္ဂါလီလူဦးရေကို ဦးတည်ဆောင်ရွက်ခြင်းမဟုတ်ပါကြောင်း၊ ယင်းဥပဒေကို ၎င်းတို့အပေါ် အတင်းအကျပ် ချမှတ်အကောင်အထည်ဖော်ခဲ့ခြင်းမရှိကြောင်းကို ဂမ်ဘီယာဘက်မှ သက်သေများတွင် ကလေး နှစ်ဦးနှင့် အထက်ရှိနေသည်ကို ကြည့်ခြင်းဖြင့် သိနိုင်ပါကြောင်း၊ မွေးစာရင်းထုတ်ပေးရန် ပျက်ကွက်သည်ဆိုခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်ရှိ ပဋိပက္ခများအပြီးတွင် နှစ်အနည်းငယ်ကြာ ရပ်တန့်သွားခဲ့ရာ ၂၀၁၇ ခုနှစ်မှစ၍ မွေးစာရင်းထုတ်ပေးရန်စတင်ခဲ့ပြီး ဘင်္ဂါလီကလေးမွေးဖွားခြင်းကို ပြည်သူ့ကျန်းမာရေးဌာနသို့ အကြောင်းကြားခြင်း၊ မိဘများကလည်း မွေးစာရင်းလျှောက်ထားခြင်း နည်းပါးပါကြောင်း၊ ၁/၂၀၀၅ ဒေသန္တရအမိန့်သည် ၂၀၀၅ ခုနှစ်တွင် မောင်တောမြို့နယ် ဒေသအစိုးရက ထုတ်ပြန်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ရုပ်သိမ်းခဲ့သော ယာယီဒေသန္တရအမိန့်တစ်ခုဖြစ်ပြီး ယင်းဒေသန္တရအမိန့်ပါ အပိုဒ်ခွဲအားလုံးသည် မွတ်ဆလင်များသာမက မောင်တောမြို့နယ်ရှိ လူဦးရေတစ်ခုလုံးအပေါ် သက်ရောက်ခြင်းဖြစ်သည့်အတွက် ခွဲခြားဆက်ဆံမှုရှိသည်ဟု ခိုင်မာသည့်သက်သေလည်း မပြနိုင်သလို လူမျိုးသုဉ်းစေခြင်းလည်း မမည်ပါကြောင်း။

"သီးခြားခွဲထုတ်ထားရန်၊ ချုပ်နှောင်ထားရန်နှင့် ရိက္ခာဖြတ်တောက်ရန် မူဝါဒရှိခြင်း" စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ IDP စခန်းများတွင် နေထိုင်သူများသည် လွတ်လပ်စွာ ထွက်ခွာ၊သွားလာ၍အလုပ်အကိုင်များ လုပ်ကိုင်နိုင်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို စဉ်ဆက်မပြတ်ထောက်ပံ့ပေးလျက်ရှိပြီး စခန်းများကိုပိတ်သိမ်းရန်နှင့် ပြန်လည်နေရာချထားပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အောင်မင်္ဂလာဆိုသည်မှာလည်း စစ်တွေမြို့၏ ရပ်ကွက်တစ်ခုမျှသာဖြစ်ပြီး ကျန်းမာရေးဝန်ဆောင်မှုများ၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းမှု၊ လူမှုရေးနှင့်ဘာသာရေးလုပ်ငန်းများကို မြို့နေအခြားသူများနည်းတူ လွတ်လပ်စွာဆောင်ရွက်နိုင်ကြောင်း။

"ရိုဟင်ဂျာ တည်ရှိမှုကိုငြင်းပယ်ပြီး ၎င်းတို့ကို "ဘင်္ဂါလီ"ဟု ခေါ်ဆိုသည့် အချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် "ရိုဟင်ဂျာ"ဟူသော အမည်ကိုအသုံးမပြုဘဲ "ဘင်္ဂါလီ"ဟု ရည်ညွှန်းခြင်းသည် ထိုလူဦးရေတည်ရှိမှုကို ငြင်းပယ်ခြင်းမဟုတ်ဘဲ ထိုလူဦးရေသည် မြန်မာနိုင်ငံ၏ ကျန်ရှိသောလူဦးရေ၏ ယဉ်ကျေးမှုနှင့် ဘာသာစကားအရ ကွဲပြားပါကြောင်း၊ မြန်မာနိုင်ငံ၏ တရားဝင် ဌာနေတိုင်းရင်းသားမျိုးနွယ်စုရှစ်စုအနက် တစ်စုအဖြစ် အသိအမှတ်မပြုခြင်းသည် လူဦးရေကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာ ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိနေကြောင်း ဂမ်ဘီယာက သက်သေပြနိုင်ခြင်း မရှိပါကြောင်း၊ ထို့အတူ"ရိုဟင်ဂျာ"ဟူသော အမည်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ စာဖြင့်ရေးသားလျှောက်လဲချက်ပါ နောက်ခံသမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို ဂမ်ဘီယာနိုင်ငံအနေဖြင့် ပြန်လည်တုံ့ပြန်ချေပနိုင်ခြင်းမရှိကြောင်း။

အချုပ်အားဖြင့်ဆိုသော် ဂမ်ဘီယာစွပ်စွဲထားသော ခွဲခြားဆက်ဆံသည့် ဥပဒေများနှင့် မူဝါဒများသည် ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီလူဦးရေကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာ ပျက်စီးစေရန် ပြုလုပ်ခြင်းမရှိသကဲ့သို့ မြန်မာအစိုးရတွင် ဘင်္ဂါလီလူဦးရေကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာ ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိခဲ့သည်ဟု ကျိုးကြောင်းဆီလျော်သည့် ကောက်ချက်ချရန် မည်သည့်ရှင်းလင်းချက်ကိုမျှ ဂမ်ဘီယာက ပေးနိုင်ခြင်းမရှိပါကြောင်း ချေပလျှောက်လဲခဲ့သည်။

မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း- မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းကို အပြည့်အဝပြန်လည်ထိန်းချုပ်၊ မန္တလေး- သပိတ်ကျင်း- မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ ပုံမှန်အတိုင်းပြန်လည်သွားလာနိုင်ပြီဖြစ်

တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုလုံးအား အပြည့်အဝပြန်လည်ထိန်းချုပ်

တပ်မတော်စစ်ကြောင်းများက ရွှေညောင်ပင်ကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိစဉ်။

တပ်မတော်စစ်ကြောင်းများက အောင်ဗဒါန်းကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိစဉ်။

တပ်မတော်စစ်ကြောင်းများက စိန်အင်းကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၀

တပ်မတော်စစ်ကြောင်းများအနေဖြင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီထိန်းချုပ်ထားသည့် သပိတ်ကျင်း–မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းကို ဇန်နဝါရီ ၁၉ ရက်တွင် အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယနေ့မှစ၍ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့် မန္တလေး–သပိတ်ကျင်း–မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် စိတ်အေးချမ်းသာစွာဖြင့် ပြန်လည်သွားလာနိုင်ပြီဖြစ်၍ ဒေသတွင်းကုန်စည်ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့စွာဖြင့် ပုံမှန်အတိုင်းဆောင်ရွက်နိုင်ပြီဖြစ်သည်။

NUG အကြမ်းဖက်အဖွဲ့အနေဖြင့် မန္တလေး၊ စစ်ကိုင်းနှင့် မိတ္ထီလာလွင်ပြင်တို့မှ လူငယ်လူရွယ်များ၊ DCS ပြုလုပ်သည့် သစ္စာဖောက်ဝန်ထမ်းများကို မက်လုံးပေးစည်းရုံးသိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများပို့ချကာ MDY – PDF အမည်ခံ အကြမ်းဖက်သမားများအဖြစ် မွေးထုတ်ခြင်း၊ ဖြစ်သည့်နည်းဖြင့် အမမ္မအင်အားစုဆောင်းခြင်း၊ လှုံ့ဆော်အားပေးခြင်းနှင့် အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့်ပူးပေါင်း၍ ၎င်းတို့၏ စိတ်ကူးယဉ်စစ်ရေးအိပ်မက်ဖြစ်သော မန္တလေးမြို့ကို သိမ်းပိုက်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှစ၍ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး ဆက်စပ်ဒေသများ၌ ရှမ်း–မန်း စစ်ဆင်ရေးအမည်ဖြင့် စစ်ရေးအကြမ်းဖက်မှုများကို စစ်ကြောင်းများခွဲ၍ မိုးကုတ်–သပိတ်ကျင်း–မတ္တရာ–မန္တလေး လမ်းကြောင်းတစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့ရွာများ၊ နိုင်ငံအကျိုးပြု အစိုးရနှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများတွင် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်လုံခြုံရေးတပ်စခန်းများကို အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခြင်းများကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်ရေးလှုပ်ရှားမှုနှင့်အပြိုင် လုပ်ဆောင်လာခဲ့ကြပြီး မန္တလေးသို့ရောက်ရှိနိုင်ရေး ကြိုးပမ်းခဲ့ကြသည်။

ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ သာလွန်အင်အားများဖြင့် တိုက်ကွက်ဖော်ဆောင်လာခဲ့မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြို့ရွာများနှင့် နိုင်ငံအကျိုးပြု စက်ရုံ၊ အလုပ်ရုံများ ၎င်းတို့လက်အောက်သို့ အလုံးစုံကျရောက်မှုမရှိစေရေးအတွက် မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာဖြင့် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter Terrorism Operation) ကို မြေပြင်၊ ဝေဟင် ဟန်ချက်ညီပေါင်းစပ်ပြီး မြေပြင်သတင်းဖော်ထုတ်၍ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သပိတ်ကျင်းဒေသကို ၂၀၂၅ ခုနှစ် ဧပြီလ ၂၃ ရက်တွင် လည်းကောင်း၊ မတ္တရာဒေသတစ်ဝိုက်ရှိ အယ်လ်ဖာဘီလပ်မြေစက်ရုံနှင့် ဖယောင်းတောင်ဒေသတို့ကို သြဂုတ် ၂၈ ရက်တွင်လည်းကောင်း၊ ဆည်တော်ကြီးရေလှောင်တမံနှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ကို နိုဝင်ဘာ ၂၅ ရက်တွင် လည်းကောင်း၊ စဉ်ကူးဒေသတစ်ဝိုက်ကို ဒီဇင်ဘာ ၁၉ ရက်တွင် လည်းကောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ မိုးထောင်ဖောက်ခွဲဖျက်ဆီးပြီး ယာယီစိုးမိုးထားသည့် ဧရာဝတီတံတား(ရတနာသိန်)ကို ဒီဇင်ဘာ ၂၂ ရက်တွင်လည်းကောင်း စသည်ဖြင့် တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ စိတ်ကူးယဉ် စစ်ရေးအိပ်မက်များကို ရိုက်ချိုးဖျက်ဆီးနိုင်ခဲ့သည်။

အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် အဆိုပါဒေသများကို ယာယီထိန်းချုပ်ထားစဉ်အတွင်း ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် လူနေအိမ်များကို အကာကွယ်ရယူ၍ ဘန်ကာများ ဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ လူနေအိမ်အဆောက်အအုံများအကြားနှင့် အများပြည်သူသွားလာအသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ စက်ရုံထုတ်ပစ္စည်းများကို ကိုယ်ကျိုးစီးပွားအဖြစ် အသုံးချခြင်း၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာလုပ်ဆောင်ခဲ့ကြသဖြင့် ဒေသခံပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် လူမှုစီးပွားဘဝများ အဘက်ဘက်မှ ဆုတ်ယုတ်နိမ့်ကျခဲ့ရသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် နေရာများကို တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုနှင့် စိတ်အားထက်သန်စွာ အားပေးထောက်ခံလာခဲ့ကြပြီး အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များအပေါ် ဝိုင်းဝန်းရှုတ်ချမှုများ လုပ်ဆောင်လာခဲ့ကြသည်။ ပြည်သူလူထု၏ အားပေးထောက်ခံမှုကို မရရှိတော့သည့် အကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်ဆောင်ရွက်ခဲ့မှုများအပေါ် စိတ်ပျက်နောင်တရမှုများနှင့်အတူ ၎င်းတို့အဖွဲ့အတွင်း အနိုင်ကျင့်ဗိုလ်ကျမှုများကို လက်ခံနိုင်ခြင်းမရှိတော့ဘဲ တပ်မတော်၏ သဘောထားအမှန်ကို နားလည်သဘောပေါက်လာကြသည့် PDF အဖွဲ့ဝင်အချို့သည် နီးစပ်ရာစစ်ကြောင်းများနှင့် ဆက်သွယ်၍ ဥပဒေဘောင်အတွင်းသို့ လက်နက်ခဲယမ်းများနှင့်အတူ ဝင်ရောက်မှုများ လုပ်ဆောင်လာကြသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် နေရာများကို ဒေသခံပြည်သူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များ၏ သတင်းပေးပို့မှုများကို စနစ်တကျ ပေါင်းစပ်သုံးသပ်ပြီး နယ်မြေသတင်းဖော်ထုတ်၍ မန္တလေး – မတ္တရာ–စဉ်ကူး – သပိတ်ကျင်း ဒေသတစ်ဝိုက် တည်ငြိမ်အေးချမ်းရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ရာ မန္တလေး – မတ္တရာ–စဉ်ကူး – သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်းကို ဒီဇင်ဘာ ၃၁ ရက်တွင် လည်းကောင်း၊ သပိတ်ကျင်း – မိုးကုတ် ဆက်သွယ်ရေး လမ်းကြောင်းပေါ်ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်နှင့် စိန်ကုန်းကျေးရွာဒေသတစ်ဝိုက်တို့ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် လည်းကောင်း၊ ကင်းကျေးရွာနှင့် ရန်သူ့စခန်းကုန်း နေရာတို့ကို ဇန်နဝါရီ ၁၅ ရက်တွင်လည်းကောင်း အသီးသီး ပြန်လည်ထိန်းချုပ်သိမ်းပိုက်ရရှိခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ သပိတ်ကျင်း–မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းတွင် ကျန်ရှိနေသည့် လမ်းပိုင်းနေရာကို စစ်ကြောင်းများခွဲ၍ **စာမျက်နှာ ၂၆ သို့**

တပ်မတော်စစ်ကြောင်းများကို အကြမ်းဖက်သောင်းကျန်းသူများ၏ မတရားနှိပ်စက်ညှဉ်းပန်းမှုဒဏ် ခါးသီးစွာခံစားခဲ့ရသည့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

စာမျက်နှာ ၂၅ မှအဆက်

နယ်မြေရှင်းလင်းရေး လုပ်ငန်းများကို ဟန်ချက်ညီဆောင်ရွက်ခဲ့ရာ ကင်းရွာဘက်မှချီတက်လာသည့် စစ်ကြောင်းသည် ဇန်နဝါရီ ၁၉ ရက်တွင် မလဲပေါက်ကျေးရွာ အနီးရှိ ရည်မှန်းချက်နေရာနှင့် ဇန်နဝါရီ ၂၀ ရက်တွင် မလဲပေါက်ကျေးရွာကိုလည်းကောင်း၊ အုန်ဒန်ကျေးရွာဘက်မှ ချီတက်လာသည့် စစ်ကြောင်းသည် ဇန်နဝါရီ ၁၇ ရက်တွင် အောင်ဗဒါန်းကျေးရွာ၊ ဇန်နဝါရီ ၁၈ ရက်တွင် စိန်အင်းကျေးရွာ၊ ဇန်နဝါရီ ၁၉ ရက်တွင် ရွှေညောင်ပင်ကျေးရွာတို့ကိုလည်းကောင်း သိမ်းပိုက်နိုင်ခဲ့ကာ အဆိုပါ တပ်မတော်စစ်ကြောင်းများသည် ဇန်နဝါရီ ၂၀ ရက်တွင် မလဲပေါက်ကျေးရွာ၌ လက်ချင်းချိတ်ဆက်ပေါင်းဆုံနိုင်ခဲ့သဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေး လမ်းကြောင်းတစ်ခုလုံးကို အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အဆိုပါလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် မန္တလေး-စဉ်ကူး-မတ္တရာ-သပိတ်ကျင်း-မိုးကုတ် ဒေသတစ်ဝိုက် တည်ငြိမ်အေးချမ်းရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်တွင် ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာအသုံးပြုနိုင်ရေးအတွက် ရွှပ်ရွှပ်ချွဲချွဲ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲများဖြစ်ပွားခဲ့၍ တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရပြီး အချို့ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

ယင်းသို့ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားခဲ့သည့် ဆက်သွယ်ရေး လမ်းကြောင်းများကို တပ်မတော်က ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်ပြီး ဒေသတွင်းကုန်စည်စီးဆင်းကူးသန်းရောင်းဝယ်မှုများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကာ ပညာရေး၊ ကျန်းမာရေးစသည့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် တပ်မတော်အပေါ် များစွာ ဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများကို အကြမ်းဖက်သောင်းကျန်းသူများ၏ မတရားနှိပ်စက်ညှဉ်းပန်းမှုဒဏ် ခါးသီးစွာခံစားခဲ့ရသည့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုစဉ်။

အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့၊ရွာများနှင့် ဆက်သွယ်ရေး လမ်းကြောင်းများကို ပြန်လည်သိမ်းပိုက်ပြီး နယ်မြေရှင်းလင်းချီတက်လာသော တပ်မတော်စစ်ကြောင်းများကို အကြမ်းဖက်သောင်းကျန်းသူများ၏ မတရားနှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို ခါးသီးစွာခံစားခဲ့ရသည့် ဒေသခံပြည်သူများက လမ်းကြောင်းတစ်လျှောက်လုံး၌ အောင်သပြေပန်းများ၊ ပန်းကုံးများ ကိုင်ဆောင်ကာ အိုးစည်ဒိုးပတ်များ တီးခတ်၍ အကအလှများဖြင့် သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကခုန်ကြိုဆိုခဲ့ကြသည့် တပ်မတော်နှင့်ပြည်သူ တစ်သားတည်းဖြစ်ပေါ်နေသော မြင်ကွင်းကို ကြည်နူးဝမ်းမြောက်ဖွယ် တွေ့မြင်ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသများအတွင်း လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ကာ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် လမ်းတံတားများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဒေသခံပြည်သူများ၏ နေအိမ်အဆောက်အအုံများ၊ စာသင်ကျောင်းများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသအတွင်း ကုန်စည်ကူးသန်းရောင်းဝယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးတို့အတွက် ဒေသခံပြည်သူများနှင့် လက်တွဲကာ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၄ ဦးကို မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၂၂ ဦးနှင့် စင်ကာပူနိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၄ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ Counsellor Ms. Hoang Diem Hanh နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံရုံးမှ First Secretary Mr. Kenneth LUI နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများ ထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၁၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၂၇၆ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၉၇၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့်ပြည်ပနိုင်ငံသား ၂၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (အပိုင်း ၂) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

စဉ်	မဲဆန္ဒနယ်	ကိုယ်စားလှယ်လောင်းအမည်	ပါတီ/တစ်သီးပုဂ္ဂလ	မဲရုံမဲအရေအတွက်	ကြိုတင်မဲအရေအတွက်	ခိုင်လုံမဲစုစုပေါင်း	ခိုင်လုံမဲရာခိုင်နှုန်း
	ကချင်ပြည်နယ်						
၁	မိုးကောင်း			၃၈၆၂၄	၅၁၅၄	၄၃၇၇၈	
		ဦးနေလင်းစိုး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၇၉၃၄	၃၇၆၀	၂၁၆၉၄	၄၉.၅၆%
		ဦးလွန်းမောင်	တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ	၈၃၉၅	၆၀၆	၉၀၀၁	၂၀.၅၆%
		ဒေါ်ဇုန်းဆွမ့်	ပြည်သူ့ရှေ့ဆောင်ပါတီ	၄၉၀၃	၃၃၄	၅၂၃၇	၁၁.၉၆%
		ဒေါ်မုတ်ရင်လွမ်းနော	ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ	၄၈၃၃	၂၇၁	၅၁၀၄	၁၁.၆၆%
		ဦးညီကလေး(ခ)ဘမောင်(ခ)ညီလေး	တစ်သီးပုဂ္ဂလ	၂၅၅၉	၁၈၃	၂၇၄၂	၆.၂၆%
	ကရင်ပြည်နယ်						
၂	ဖာပွန်			၄၅၄၇	၁၈၂၃	၆၃၇၀	
		ဦးစောမျိုးမြင့်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၄၄၉	၁၆၂၅	၄၀၇၄	၆၃.၉၆%
		ခွန်အောင်သူမြင့်	ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ	၆၁၃	၅	၆၁၈	၉.၇၀%
		နော်သဇင်တုပ်	ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ	၅၀၁	၅၇	၅၅၈	၈.၇၆%
		ဦးမြင့်အောင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၃၇၄	၈၅	၄၅၉	၇.၂၁%
		နန်းခင်မေရီ	ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ	၃၂၃	၃၄	၃၅၇	၅.၆၀%
		ဦးစိုးသူအောင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၈၇	၁၇	၃၀၄	၄.၇၇%
၃	လှိုင်းဘွဲ			၄၂၂၉၃	၄၂၁၈	၄၆၅၁၁	
		ဒေါ်နန်းစောမြ	ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ	၁၈၀၁၃	၉၇၉	၁၈၉၉၂	၄၀.၈၃%
		ဦးစောသန်းထွဋ်အောင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၉၄၅၆	၂၁၅၂	၁၁၆၀၈	၂၄.၉၆%
		စောရွှေချိန်	ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ	၈၅၀၈	၆၈၄	၉၁၉၂	၁၉.၇၆%
		ခွန်ကိုလေး	ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ	၄၁၁၀	၁၉၇	၄၃၀၇	၉.၂၆%
		ဦးစောသိန်းဟန်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၂၂၀၆	၂၀၆	၂၄၁၂	၅.၁၉%
	စစ်ကိုင်းတိုင်းဒေသကြီး						
၄	မြင်းမူ			၆၀၉၈	၅၈၅	၆၆၈၃	
		ဦးဇေယျာစိုး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၈၆၅	၅၂၉	၄၃၉၄	၆၅.၇၅%
		ဦးဖြိုးမောင်မောင်လွင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၂၃၃	၅၆	၂၂၈၉	၃၄.၂၅%
၅	ချောင်းဦး			၆၀၀၈	၁၀၅၈	၇၀၆၆	
		ဦးသောင်းထိုက်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၄၀၆	၆၄၈	၄၀၅၄	၅၇.၃၇%
		ဦးဝင်းနိုင်ဦး	တစ်သီးပုဂ္ဂလ	၂၆၀၂	၄၁၀	၃၀၁၂	၄၂.၆၃%
၆	အရာတော်			၃၃၇၅	၈၀၂	၄၁၇၇	
		ဦးတင်ဝင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၉၄၂	၇၃၅	၂၆၇၇	၆၄.၀၉%
		ဒေါ်ရွှန်းလဲ့မိုးဦး	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၁၄၃၃	၆၇	၁၅၀၀	၃၅.၉၁%
	တနင်္သာရီတိုင်းဒေသကြီး						
၇	ကျွန်းစု			၄၉၆၁၆	၃၂၀၂	၅၂၈၁၈	
		ဦးသိန်းလွင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၅၉၆၁	၂၈၅၀	၂၈၈၁၁	၅၄.၅၅%
		ဒေါ်အေးအေးစိုး	ပြည်သူ့ပါတီ	၁၅၄၂၆	၂၃၆	၁၅၆၆၂	၂၉.၆၅%
		ဦးကျော်သူလတ်	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၈၂၂၉	၁၁၆	၈၃၄၅	၁၅.၈၀%
၈	တနင်္သာရီ			၃၈၉၁	၁၄၃၆	၅၃၂၇	
		ဦးထင်ပေါ်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၉၀၈	၁၂၅၃	၃၁၆၁	၅၉.၃၄%
		ဦးဇော်ထွန်းမင်း	ပြည်သူ့ပါတီ	၁၅၉၉	၁၂၄	၁၇၂၃	၃၂.၃၄%
		ဦးနိုင်နိုင်	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၃၈၄	၅၉	၄၄၃	၈.၃၂%
	ပဲခူးတိုင်းဒေသကြီး						
၉	ဒိုက်ဦး			၅၈၉၂၀	၅၀၀၅	၆၃၉၂၅	
		ဦးပွင့်ဆန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၀၇၉၂	၃၅၅၀	၂၄၃၄၂	၃၈.၀၈%
		ဦးလှမြင့်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၅၆၅၄	၅၄၉	၁၆၂၀၃	၂၅.၃၅%
		ဦးသန်းအောင်စိုး	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၆၉၄၂	၃၀၅	၇၂၄၇	၁၁.၃၄%
		ဦးစိုးညွန့်	ပြည်သူ့ရှေ့ဆောင်ပါတီ	၆၄၆၇	၃၁၆	၆၇၈၃	၁၀.၆၁%
		ဦးသိန်းမြင့်	ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ	၅၀၈၈	၁၈၂	၅၂၇၀	၈.၂၄%
		ဒေါ်စိုးယုယုစံ	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၃၉၇၇	၁၀၃	၄၀၈၀	၆.၃၈%
၁၀	ရွှေကျင်			၁၇၃၀၃	၃၄၅၉	၂၀၇၆၂	
		ဦးဇော်ဝင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၆၈၉၁	၂၅၁၇	၉၄၀၈	၄၅.၃၁%
		ဦးစိုးရည်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၄၉၄၄	၄၉၇	၅၄၄၁	၂၆.၂၁%
		ဦးသန့်ဇင်ညိမ်း	ပြည်သူ့ပါတီ	၂၃၇၃	၂၁၁	၂၅၈၄	၁၂.၄၅%
		ဒေါ်ခင်မြင့်ဝေ	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၁၀၄၆	၆၉	၁၁၁၅	၅.၃၇%
		ဦးမျိုးဝင်း	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၁၀၂၅	၇၂	၁၀၉၇	၅.၂၈%
		ဦးဇော်ဇော်ဝင်း	ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ	၆၂၃	၄၇	၆၇၀	၃.၂၃%
		ဒေါ်နှင်းဖြူဖြူဦး	ပြည်သူ့ရှေ့ဆောင်ပါတီ	၄၀၁	၄၆	၄၄၇	၂.၁၅%
၁၁	ထန်းတပင်			၇၀၈၇	၂၃၄၈	၉၄၃၅	
		ဦးသက်တင်ထွန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၈၀၁	၁၈၁၁	၅၆၁၂	၅၉.၄၈%
		ဒေါ်ခင်မြတ်မိုး	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၈၉၅	၃၁၄	၂၂၀၉	၂၃.၄၁%
		ဦးကျော်ဇင်ဟိန်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၁၃၉၁	၂၂၃	၁၆၁၄	၁၇.၁၁%
၁၂	ရေတာရှည်			၄၁၉၂၆	၁၂၂၈၉	၅၄၂၁၅	
		ဦးထွန်းကိုကို	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၇၀၅၀	၈၇၇၂	၂၅၈၂၂	၄၇.၆၃%
		ဦးစိုးသူရ	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၈၃၁၈	၇၆၆	၉၀၈၄	၁၆.၇၆%
		ဦးဇော်မင်းအေး	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၇၄၁၇	၁၅၁၂	၈၉၂၉	၁၆.၄၇%
		ဦးတင်ဦး	ပြည်သူ့ပါတီ	၅၄၆၇	၆၉၂	၆၁၅၉	၁၁.၃၆%
		ဦးထွန်းနိုင်	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၃၆၇၄	၅၄၇	၄၂၂၁	၇.၇၈%
၁၃	ဇီးကုန်း			၃၀၃၆၀	၄၁၇၀	၃၄၅၃၀	
		ဦးဥာဏ်ဝင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၉၅၈၁	၃၁၇၆	၂၂၇၅၇	၆၅.၉၁%
		ဦးရဲနိုင်ထွန်း	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၃၅၃၄	၄၁၁	၃၉၄၅	၁၁.၄၂%

စာမျက်နှာ ၂၈ သို့

စာမျက်နှာ ၂၇ မှအဆက်

		ဒေါ်ဝေဖြိုးသက်	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၅၇၂	၂၀၃	၂၇၇၅	၈.၀၄%
		ဒေါ်သက်သက်မော်	ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ	၂၄၂၄	၂၄၉	၂၆၇၃	၇.၇၄%
		ဦးဝေဖြိုးဟန်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၂၄၉	၁၃၁	၂၃၈၀	၆.၈၉%
၁၄	ပေါင်းတည်			၃၄၄၀၆	၄၄၀၂	၃၈၈၀၈	
		ဒေါ်ဝင်းဝင်းမော်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၅၀၇၅	၃၄၀၉	၁၈၄၈၄	၄၇.၆၃%
		ဒေါ်ခင်နွယ်စိုး	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၅၀၂၄	၃၀၆	၅၃၃၀	၁၃.၇၃%
		ဦးဟန်စိုး	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၃၃၇၇	၁၄၆	၃၅၂၃	၉.၀၈%
		ဦးညီညီထွန်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၃၀၀၄	၂၀၉	၃၂၁၃	၈.၂၈%
		ဦးကျော်မင်းလတ်	ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ	၂၉၆၂	၁၃၁	၃၀၉၃	၇.၉၇%
		ဒေါ်ဝင်းဝင်းသက်	ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ	၂၉၀၅	၁၃၉	၃၀၄၄	၇.၈၄%
		ဦးသိန်းအောင်	ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ	၂၀၅၉	၆၂	၂၁၂၁	၅.၄၇%
၁၅	ကဝ			၇၇၉၈၂	၉၄၃၁	၈၇၄၁၃	
		ဦးမျိုးမြင့်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၄၂၄၃	၇၂၅၆	၄၁၄၉၉	၄၇.၄၇%
		ဦးမျိုးမင်းခိုင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၃၆၁၅	၈၃၁	၁၄၄၄၆	၁၆.၅၃%
		ဦးဖြိုးဝေမောင်	ပြည်သူ့ပါတီ	၈၅၂၆	၃၄၄	၈၈၇၀	၁၀.၁၅%
		ဦးစောငြိမ်းဝေ	ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ	၆၆၈၀	၂၈၁	၆၉၆၁	၇.၉၆%
		ဦးရဲအောင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၅၅၈၅	၁၅၇	၅၇၄၂	၆.၅၇%
		ဦးအောင်ကျော်မိုး	ပြည်သူ့ရှေ့ဆောင်ပါတီ	၄၈၃၂	၂၂၉	၅၀၆၁	၅.၇၉%
		ဦးစောထူးအယ်ရွှေ	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၄၅၀၁	၃၃၃	၄၈၃၄	၅.၅၃%
၁၆	သနပ်ပင်			၅၀၈၈၇	၄၂၂၂	၅၅၁၀၉	
		ဦးတင်မျိုးဝင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၅၄၃၉	၃၂၈၅	၂၈၇၂၄	၅၂.၁၂%
		ဦးမင်းမင်းထိုက်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၇၇၂၅	၂၉၄	၈၀၁၉	၁၄.၅၅%
		ဦးမင်းထိုက်အောင်	ပြည်သူ့ပါတီ	၄၇၄၄	၁၂၇	၄၈၇၁	၈.၈၄%
		ဦးအောင်ထွန်းနောင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၄၆၃၉	၂၂၃	၄၈၆၂	၈.၈၂%
		ဒေါ်သီတာမင်း	ပြည်သူ့ရှေ့ဆောင်ပါတီ	၃၀၅၂	၁၀၉	၃၁၆၁	၅.၇၄%
		ဦးသက်မင်းထွန်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၃၀၃၇	၁၀၃	၃၁၄၀	၅.၇၀%
		ဦးဖုန်းကျော်သူ	ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ	၂၂၅၁	၈၁	၂၃၃၂	၄.၂၃%
၁၇	ပေါက်ခေါင်း			၁၆၀၄၀	၁၂၀၁၇	၂၈၀၅၇	
		ဦးသန်းထူးအောင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၁၄၀၇	၁၀၇၉၃	၂၂၂၀၀	၇၉.၁၂%
		ဦးတင်အောင်ဇော်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၃၉၂	၅၇၁	၁၉၆၃	၇.၀၀%
		ဦးကျော်ဇင်သန်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၉၆၁	၁၈၇	၁၁၄၈	၄.၀၉%
		ဦးကျော်သူ	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၇၇၆	၂၂၁	၉၉၇	၃.၅၅%
		ဦးအောင်သန်းထွဋ်	ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ	၈၃၀	၁၂၀	၉၅၀	၃.၃၉%
		ဒေါ်မိုးသင်းစံ	ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ	၆၇၄	၁၂၅	၇၉၉	၂.၈၅%
၁၈	ပန်းတောင်း			၅၀၂၁၂	၂၃၇၇၆	၇၃၉၈၈	
		ဦးသန်းဇော်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၀၆၇၈	၁၇၁၈၃	၃၇၈၆၁	၅၁.၁၇%
		ဦးကျော်မင်းအောင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၀၃၅၉	၂၄၉၆	၁၂၈၅၅	၁၇.၃၇%
		ဦးညွန့်ဝေ	ပြည်သူ့ရှေ့ဆောင်ပါတီ	၅၁၁၉	၁၂၅၇	၆၃၇၆	၈.၆၂%
		ဒေါ်အိနန္ဒာဌေး	ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ	၄၅၁၃	၁၀၀၉	၅၅၂၂	၇.၄၆%
		ဦးခင်ဇော်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၃၅၄၉	၅၁၈	၄၀၆၇	၅.၅၀%
		ဦးတင်အုန်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၃၂၁၃	၈၀၁	၄၀၁၄	၅.၄၃%
		ဦးထင်လင်းကျော်	ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ	၂၇၈၁	၅၁၂	၃၂၉၃	၄.၄၅%
၁၉	မိုးညို			၆၀၇၆၀	၄၃၄၇	၆၅၁၀၇	
		ဦးညွန့်မင်းစိုး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၈၁၄၄	၂၆၉၃	၃၀၈၃၇	၄၇.၃၆%
		ဦးစိုးထူးအောင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၅၃၀၉	၉၄၆	၁၆၂၅၅	၂၄.၉၇%
		ဒေါ်ကြူကြူမာ	ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ	၇၂၆၂	၂၅၇	၇၅၁၉	၁၁.၅၅%
		ဦးဌေးအောင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၅၆၇၄	၁၅၁	၅၈၂၅	၈.၉၅%
		ဦးတင်မျိုးအောင်	ပြည်သူ့ရှေ့ဆောင်ပါတီ	၄၃၇၁	၃၀၀	၄၆၇၁	၇.၁၇%
၂၀	မင်းလှ			၃၉၄၃၂	၅၇၀၁	၄၅၁၃၃	
		ဦးမျိုးသန့်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၆၆၁၂	၃၂၂၀	၁၉၈၃၂	၄၃.၉၄%
		ဒေါ်ပန်းအိဖြူ	ပြည်သူ့ရှေ့ဆောင်ပါတီ	၆၈၆၇	၉၈၉	၇၈၅၆	၁၇.၄၁%
		ဦးဟန်ဆင့်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၆၈၇၄	၈၁၀	၇၆၈၄	၁၇.၀၂%
		ဦးတင်အောင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၄၆၄၉	၂၉၇	၄၉၄၆	၁၀.၉၆%
		ဒေါ်သက်ထားစံ	ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ	၄၄၃၀	၃၈၅	၄၈၁၅	၁၀.၆၇%
	မန္တလေးတိုင်းဒေသကြီး						
၂၁	စဉ့်ကိုင်			၈၂၈၂၄	၃၀၅၀	၈၅၈၇၄	
		ဒေါ်သိင်္ဂီအောင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၁၄၆၂	၂၄၁၀	၃၃၈၇၂	၃၉.၄၄%
		ဦးကျော်မြင့်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၄၆၈၃	၁၈၄	၁၄၈၆၇	၁၇.၃၁%
		ဒေါ်မော်မော်ဝင်း	ပြည်သူ့ပါတီ	၁၂၇၅၈	၁၁၁	၁၂၈၆၉	၁၄.၉၉%
		ဦးအောင်ကိုကို	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၁၀၂၁၇	၁၆၆	၁၀၃၈၃	၁၂.၀၉%
		ဦးတင်သောင်းဦး	ပြည်သူ့ရှေ့ဆောင်ပါတီ	၇၇၄၇	၁၃၃	၇၈၈၀	၉.၁၈%
		ဒေါ်ခိုင်စန္ဒာဝင်း	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၅၉၅၇	၄၆	၆၀၀၃	၆.၉၉%
၂၂	ကျောက်ပန်းတောင်း			၈၁၈၉၂	၄၂၇၇	၈၆၁၆၉	
		ဦးဝင်းမြင့်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၁၁၀၀	၃၁၀၆	၃၄၂၀၆	၃၉.၆၉%
		ဒေါ်ဇင်မာခိုင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၈၉၆၄	၄၇၂	၁၉၄၃၆	၂၂.၅၆%
		ဦးစောမင်း	ပြည်သူ့ပါတီ	၁၂၆၆၀	၂၃၉	၁၂၈၉၉	၁၄.၉၇%
		ဦးနိုင်မျိုးအောင်	ပြည်သူ့ရှေ့ဆောင်ပါတီ	၁၁၂၆၁	၂၉၉	၁၁၅၆၀	၁၃.၄၂%
		ဦးလှမျိုးအောင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၇၉၀၇	၁၆၁	၈၀၆၈	၉.၃၆%
၂၃	တံတားဦး			၂၈၀၁၆	၂၇၉၂	၃၀၈၀၈	
		ဦးကျော်မိုးသက်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၃၂၉၁	၂၀၂၁	၁၅၃၁၂	၄၉.၇၀%
		ဦးသန်းဇော်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၅၈၃၉	၃၃၉	၆၁၇၈	၂၀.၀၅%
		ဦးတူးကိုကိုလွင်	ပြည်သူ့ပါတီ	၄၀၃၈	၁၈၄	၄၂၂၂	၁၃.၇၁%
		ဦးအောင်မျိုးထွန်း	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၈၁၅	၁၈၀	၂၉၉၅	၉.၇၂%
		ဦးမျိုးသီဟ	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၀၃၃	၆၈	၂၁၀၁	၆.၈၂%

(ဆက်လက်ဖော်ပြပါမည်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးတွင် ရင်းနှီးမြှုပ်နှံ

ကုံကော်ဖြူ

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အဓိကအကျိုးပြုသဖြင့် နိုင်ငံများစွာသည် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုကြီးစွာပြုလုပ်ကြသည်။ ပညာရေးသည် နိုင်ငံတစ်နိုင်ငံအတွက် ရေရှည်နှင့် တန်ဖိုးအရှိဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး လူ့စွမ်းအား အရင်းအမြစ်ကို ဖန်တီးပေးသည်။ ပညာရေးကို အားပေးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို အမှန်တကယ် တည်ဆောက်နိုင်သည်။ ပညာတတ်လူ့အဖွဲ့အစည်းတစ်ခုသည် ဆန်းသစ်တီထွင်မှုများကို ဖန်တီးနိုင်ပြီး စီးပွားရေးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်နိုင်သည်။ ပညာရေးသည် ဆင်းရဲမှုကို တိုက်ဖျက်နိုင်သည့် အစွမ်းထက်သော လက်နက်တစ်ခုဖြစ်ပြီး လူမှုဘဝအဆင့်အတန်းကိုလည်း မြှင့်တင်ပေးသည်။

နိုင်ငံတော်တိုးတက်ရေးအတွက် အခြေခံအုတ်မြစ်

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကကျသည်။ ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝအတွက်သာမက နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အတွက်ပါ အရေးပါဆုံးသော အုတ်မြစ်တစ်ခုဖြစ်သည်။ ပညာရေးသည် လူသားတစ်ဦးကို မှန်ကန်သောအတွေးအခေါ်၊ အသိပညာ၊ ကျွမ်းကျင်မှုနှင့် ကိုယ်ကျင့်တရားတို့ဖြင့် ပြည့်စုံစေပြီး ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်ရန်အတွက် မရှိမဖြစ် လိုအပ်ပေသည်။ ပညာရေးသည် ရပ်တန့်၍ရသောအရာမဟုတ် လူတို့၏အသိပညာ၊ အတတ်ပညာ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆ၊ အမြင်တို့ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရသည့်ဖြစ်စဉ်တစ်ခုဖြစ်သဖြင့် လူငယ်များသည် မိမိတို့၏ဆန္ဒ၊ မိမိတို့၏ရည်ရွယ်ချက်ပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန်အတွက် ကလေးအရွယ်မှစ၍ ပညာကိုဆည်းပူးလေ့လာရန်လိုအပ်သည်။

ယနေ့ခေတ်တွင် ပညာရေးသည် ပုံသေသင်ကြားနည်းများမှသည် နည်းပညာအခြေပြုသင်ကြားနည်းများဆီသို့ တိုးတက်ပြောင်းလဲလာသည်။ အင်တာနက်နှင့် ဒစ်ဂျစ်တယ်နည်းပညာများကြောင့် အွန်လိုင်းသင်တန်းများ၊ အဝေးသင်ပညာရေးစနစ်များ ပေါ်ပေါက်လာပြီး ပညာသင်ယူခွင့်ကို ပိုမိုကျယ်ပြန့်လာစေသည်။ ထို့ပြင် ပညာရေးသည် ပြောင်းလဲတိုးတက်လာသော ခေတ်နှင့်လျော်ညီစွာသင်ကြားမှုမှသည် ခေတ်၏လိုအပ်ချက်အရ ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် နည်းပညာအသုံးပြုနိုင်စွမ်းတို့ကို အလေးပေးသည့်စနစ်ဆီသို့ မလွဲမသွေပြောင်းလဲနေပြီဖြစ်သည်။ ဘဝတစ်သက်တာ သင်ယူလေ့လာရေးသည် အသိပညာရှင်နှင့် အတတ်ပညာရှင်များအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်လာသည်။

မြန်မာ့ပညာရေးသမိုင်း

မြန်မာနိုင်ငံ၏ ပညာရေးသည် ရှေးမြန်မာမင်းများလက်ထက်မှစ၍ ရပ်ရွာဒေသအလိုက် တည်ရှိသည့် ဘုန်းတော်ကြီးကျောင်းများတွင် တက်ရောက်သင်ယူခွင့် ရရှိခဲ့ကြသည်။ ဗြိတိသျှ အစိုးရက ၁၈၆၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံအောက်ပိုင်းတွင် ပညာရေးဌာနကို တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ဘုန်းတော်ကြီးသင် ပညာရေးသင်ကြားမှုပုံစံမှ အတန်းသင်ပညာရေး သင်ကြားမှုပုံစံသို့ စတင်ပြောင်းလဲခဲ့သည်။ ၁၈၇၈ ခုနှစ်တွင် ရန်ကုန်ကောလိပ်ကို ဖွင့်လှစ်ခဲ့ပြီး အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်၏ ပေါင်းစည်းကောလိပ်အဖြစ် သတ်မှတ်ပေးခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၂၅ ခုနှစ်တွင် မန္တလေး ဥပစာကောလိပ်ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ရန်ကုန်တက္ကသိုလ်၏ ပေါင်းစည်းကောလိပ်အဖြစ် သတ်မှတ်ပေးခဲ့သည်။ ၁၈၇၆ ခုနှစ်တွင် ဆရာအတတ်သင်ကျောင်း(နော်မန်ကျောင်း)ကို ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ပညာရေးဌာနမှ ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် ဆရာဖြစ်သင်ကောလိပ်ကို ရန်ကုန်တက္ကသိုလ်၏ ပေါင်းစည်းကောလိပ်အဖြစ် ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် နိုင်ငံတော်ဆရာအတတ်သင်သိပ္ပံကို ရန်ကုန်မြို့၌ ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ဘဝသစ်ဖန်တီးမှု ပညာရေးစီမံကိန်းကိုရေးဆွဲပြီး ၁၉၅၂ ခုနှစ်မှစ၍ လေးနှစ်စီမံကိန်းများချမှတ် အကောင်အထည်ဖော်ခဲ့သည်။ လူထုပညာရေး စီမံကိန်းအရ အရေး၊ အဖတ်၊ အတွက် အခြေခံတတ်မြောက်ရေးအတွက် "အ" သုံးလုံး သင်တန်းများကိုလည်း ဖွင့်လှစ်လေ့ကျင့်ပေးခဲ့သည်။ ၁၉၆၂ ခုနှစ်မတိုင်မီ ဆေးပညာ၊ အင်ဂျင်နီယာ၊ ပညာရေး၊ ဥပဒေ၊ ဝိဇ္ဇာ၊ သိပ္ပံ၊ စိုက်ပျိုးရေး၊ လူမှုရေးသိပ္ပံ၊ သစ်တောစသည့် မဟာဌာနများကို တက္ကသိုလ်များတွင် ဖွဲ့စည်းပြီး အထူးပြုဘာသာရပ်သင်တန်းများ ဖွင့်လှစ်သင်ကြားခဲ့သည်။ ၁၉၆၂ ခုနှစ်မှစ၍ အချို့သော မဟာဌာနများကို သီးခြားတက္ကသိုလ်များအဖြစ် ဖွင့်လှစ်ခဲ့သည်။

၁၉၇၁ ခုနှစ်မှစ၍ ပညာရေးလေးနှစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့သည်။ အခြေခံပညာကဏ္ဍတွင် ပညာရေးနှိုးနှောဖလှယ်ပွဲများကျင်းပ၍ ဆက်လက်ဆောင်ရွက်နိုင်မည့် အစီအမံများကို ရေးဆွဲဆောင်ရွက်ခဲ့သည်။ ပညာရေးသုတေသနလုပ်ငန်းများ၊ ပညာရေးစစ်တမ်းကောက်ယူ လေ့လာမှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ ၁၉۷۶-၁၉۷၅ ခုနှစ်မှစ၍ သက်ကြီးစာတတ်မြောက်ရေး "အ" သုံးလုံးသင်တန်းများကို အရှိန်အဟုန်ဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့သည်။

၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်ထိ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို ဆောင်ရွက်ခဲ့သည်။ အမျိုးသားပညာရည်မြင့်မားရေး နှစ် ၃၀ စီမံကိန်းကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်ထိ သတ်မှတ်၍ နှစ်တို ငါးနှစ်စီမံကိန်းကာလ ခြောက်ခုပိုင်းခြား၍ အကောင်အထည်ဖော်လျက်ရှိသည်။

ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ် နိုင်ငံတော်ကြီးကို တည်ဆောက်

ပညာရေးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရက ဦးစားပေးဆောင်ရွက်လျက်ရှိရာ ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားရာတွင် "နိုင်ငံတစ်ခုကို အဓိကဖန်တီးပုံဖော်ကြသူများသည် ယင်းနိုင်ငံ၏ နိုင်ငံသားများပင်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အသိပညာ အတတ်ပညာပြည့်စုံသည့်၊ စဉ်းစားတွေးခေါ်မှု မြင့်မားသည့် နိုင်ငံသားများပေါများရေးကို ဦးတည်ကြိုးပမ်းလျက်ရှိကြောင်း၊ "ပညာ"သည် အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်"ကို ရရှိစေကြောင်း၊ နိုင်ငံသားတိုင်း "အသိဉာဏ်ပညာ" ပြည့်စုံကြမှသာ နိုင်ငံအကျိုးသယံဇာတမ်းရှာဖွေနိုင်မည့် စွမ်းအားထက်မြက်သည့် အင်အားစုကြီးတစ်ရပ်ကိုထူထောင်နိုင်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအတွက် ဦးတည်ချက် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ခေတ်မီစိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေး အတတ်ပညာရှင်များ လိုအပ်မည်ဖြစ်ပေသည်။ နိုင်ငံအတွက် ပညာရှင်များစွာလိုအပ်လျက်ရှိနေဆဲဖြစ်သောကြောင့် အသိပညာရှင်၊ အတတ်ပညာရှင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တာဝန်ရှိသူများ၊ မိဘများ၊ ဆရာဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကလည်း ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ပေသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များပေါများခြင်းပင်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိနေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဟူသည် စီးပွားရေး၊ နည်းပညာ သို့မဟုတ် အခြေခံအဆောက်အအုံတို့တွင်သာမက လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အခြေခံသည်။ ပညာရေးသည် ထိုအရင်းအမြစ်ကို မွေးထုတ်ပေးသော ဗဟိုချက်မဖြစ်သည်။ စနစ်ကောင်းတစ်ခုဖြစ်သည့် ပညာရေးသည် ဉာဏ်ရည်ဉာဏ်သွေးပြည့်ဝသော၊ စဉ်းစားတွေးခေါ်နိုင်စွမ်းရှိသော၊ ကြံ့ကြံ့ခံနိုင်စွမ်းရှိသော နိုင်ငံသားများကို မွေးထုတ်ပေးပြီး စိန်ခေါ်မှုသစ်များကို ရင်ဆိုင်ကျော်လွှားရန်၊ စီးပွားရေးပြိုင်ဆိုင်မှုများတွင် ရပ်တည်နိုင်ရန်နှင့် လူမှုစီးပွားဘဝများ သာယာဝပြောရန်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် နည်းပညာတတ်မြောက်သော၊ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်းရှိသော နိုင်ငံ့သားကောင်းများ လိုအပ်ပေသည်။

သို့ဖြစ်၍ ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ဆရာ၊ ဆရာမများ၏ သင်ကြားရေးအဆင့်အတန်းမြှင့်တင်ခြင်း၊ သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီပြင်ဆင်ခြင်းနှင့် ပညာသင်ယူမှုအခွင့်အလမ်းများ ညီမျှစွာဖြန့်ဝေခြင်းတို့သည် နိုင်ငံတော်၏အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ နိုင်ငံသားတိုင်း၏ ပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်နှင့်အတူ ပြည်သူလူထုအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

ကိုးကား

- **ပညာရေးဝန်ကြီးဌာန**
- **ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅)**
- **၁-၇-၂၀၂၄ ထုတ် မြဝတီသတင်းစာ**

❖ **နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များပေါများခြင်းပင်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိနေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဟူသည် စီးပွားရေး၊ နည်းပညာ သို့မဟုတ် အခြေခံအဆောက်အအုံတို့တွင်သာမက လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အခြေခံသည်။** ❖

မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

ချောင်းဦး ဇန်နဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ပဲကြီး ၁၂၀၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ချောင်းဦးမြို့နယ်အတွင်း ပဲကြီး ၁၂၀၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၂၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးရေး ဆိုင်ရာ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲကြီး စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပဲကြီး စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင် သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

ဟိုပုံးမြို့နယ် နောက်တောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဟိုပုံး ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လွယ်အွန့်ကျေးရွာအုပ်စု နောက်တောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က နောက်တောင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၁၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နောက်တောင်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွန့်

ဗလင်းတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေဖတ်ကြစို့


EVM စက်နဲ့ ဘယ်လို မဲပေးကြမလဲ
၁ ဆန္ဒပြုခန်းသို့ဝင်ပါ။
၂ မဲပေးဖို့အတည်ပြုတဲ့ အချက်ပေးသံကို စောင့်ပါ။
၃ ဆန္ဒပြုစက်က မီးလုံးလေး လင်းလာမည်။

၄ ကိုယ်ဆန္ဒပြုချင်တဲ့ ကိုယ်စားလှယ် အမည်၊ ပါတီအမည်၊ ပါတီအမှတ်တံဆိပ်နဲ့ တစ်တန်းတည်းက အပြာရောင်ခလုတ်ကို နှိပ်ပါ။ ၂ ကြိမ်မနှိပ်ရ။

၅ ဆန္ဒပြုခန်းဘေးက မဲပုံးပေါ်က စက်ကနေ မဲပေးလိုက်တဲ့ ကိုယ်စားလှယ် ၏ အမှတ်စဉ်၊ အမည်၊ ပါတီအမှတ်တံဆိပ်ပါတဲ့ စက္ကူမြတ်ပိုင်း ထွက်လာပါလိမ့်မယ်။ ကြည့်ပါ။ ပြီးရင် မဲပုံးထဲ ကျသွားပါလိမ့်မယ်။

ဒါဆိုရင် သင့် မဲပေးခြင်း ပြီးပါပြီ။

လူငယ်များနှင့် စိတ်ကြွမူးယစ်ဆေးများအန္တရာယ်
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန
• ယာဘာ၊ ရာမ၊ မြင်းဆေး၊ အိုက်စ် (ice)စတဲ့ စိတ်ကြွမူးယစ်ဆေးပြားများသည် မက်သမ်ဖတမင်း (methamphetamine) နှင့် ကဖင်း (caffeine) တို့ ပေါင်းစပ်ထားပြီး စပျစ်သီး/ လိမ္မော်သီး/ ချောကလက်နှံ့တို့ကဲ့သို့ လူငယ်များကိုဆွဲဆောင်နိုင်မည့် ရနှံ့တစ်မျိုးမျိုး ထည့်သွင်းထားပါတယ်။
• ဒီဆေးတွေက ဗဟိုအာရုံကြောစနစ်အတွင်းရှိ Dopamine ကဲ့သို့သော အာရုံကြောဆက်သွယ်ဓါတုပစ္စည်း (neurotransmitter) များအား သဘာဝကိုဆန့်ကျင်၍ များပြားစေကာ စိတ်ဓာတ်တက်ကြွမှုဖြစ်စေနိုင်ပါတယ်။ သို့သော်လည်း ဒီလိုစိတ်ဓာတ်တက်ကြွနေစေရန် ဆေးချိန်ကိုတိုးသည်ထက်တိုး၍ သုံးစွဲလာရပြီး ရေရှည်မှာဦးနှောက်နှင့်ဗဟိုအာရုံကြောစနစ်ကို လုံးဝပျက်စီးစေပါတယ်။
• ဒီဆေးတွေကြောင့် ကိုယ်အပူချိန်တိုးခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ အော့အန်ခြင်းနှင့် ရုတ်တရက်သေဆုံးခြင်းတို့ ဖြစ်ပွားနိုင်တယ်။ ဆေးကိုပုံမှန်မသုံးစွဲရပါက အိပ်မပျော်ခြင်း၊ စိုးရိမ်စိတ်လွန်ခြင်း၊ သံသယစိတ်များခြင်းမှ မိမိကိုယ်ကိုသတ်သေသည်အထိ စိတ်ဓာတ်ကျခြင်းတို့ ဖြစ်ပွားနိုင်ပါတယ်။
WY ဆေးပြားများ
ICE ဓမ်မှုးယစ်ဆေးတစ်မျိုး
• ရေရှည်သုံးစွဲခြင်းကြောင့် သွားများပျက်စီးခြင်း၊ နှာခေါင်းအတွင်းသားများ ပျက်စီးခြင်း၊ နှလုံး/ အသည်း/ ကျောက်ကပ်/ အဆုတ်ရောဂါများ ဖြစ်ပွားခြင်း၊ သွေးတိုးခြင်း၊ လေဖြတ်ခြင်း၊ ကိုယ်ခံအားကျဆင်း၍ ရောဂါပိုးအမျိုးမျိုး အလွယ်တကူဝင်ရောက်ခြင်း၊ မှတ်ဉာဏ်ဆုံးရှုံးခြင်းနှင့် ရူးသွပ်ခြင်းတို့ ဖြစ်ပွား၍ သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးစေပါတယ်။
• ဒါ့အပြင် ပညာရေး/ လူမှုရေး/ စီးပွားရေးနိမ့်ကျခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊ တရားဥပဒေအရ ပြစ်မှုမြောက်ခြင်းကြောင့် အကျဉ်းထောင်ကျ၍ပြစ်ဒါဏ်ခံရခြင်းတို့ကို ဖြစ်ပွားစေပါတယ်။
မူးယစ်ဆေးသုံးစွဲခြင်းကြောင့် မျက်စီသွေးကြောများရောင်ရမ်းနေပုံ
မူးယစ်ဆေးသုံးစွဲခြင်းကြောင့် သွားများပျက်စီးနေပုံ
လူငယ်သဘာဝ အသစ်အဆန်းကိုမြင်လျှင် စမ်းသပ်စူးစမ်းလိုစိတ်အား ရောင်းချသူများမှ အခွင့်ကောင်းယူကာ နည်းလမ်းပေါင်းစုံသုံး၍ ဖြားယောင်းတတ်သည်ကို အထူးဂရုပြု၍ စိတ်ကြွမူးယစ်ဆေးဝါးများအား လုံးဝရှောင်ကြဉ်ပါ

AMM အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလိမိတက်

We Protect The Family

ဝ။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုင်ငေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

ဝိသားစုဘဝ လုံခြုံစိတ်ချဖို့.
ကျန်းမာရေးအာမခံ
ထားကြစို့!

- နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
- အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
- ၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

သဇင်အသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းခေါ်ယူခြင်း

၁။ တပ်မတော်အသံလွှင့်တပ်၊ သဇင်အသံလွှင့်ဌာနတွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်) ဝန်ထမ်းအဖြစ် ခန့်အပ်ရန်အလိုရှိပါသည်-

(က) ကြေညာသူ(မြန်မာ)၊ ကြေညာသူ(အင်္ဂလိပ်)၊ ကြေညာသူ(တိုင်းရင်းသား)
(ခ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)
(ဂ) အယ်ဒီတာ(မြန်မာ) (ဝိဇ္ဇာဘွဲ့(မြန်မာစာ)နှင့်ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ) ဦးစားပေးမည်)
(ဃ) အယ်ဒီတာ(အင်္ဂလိပ်) (ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)နှင့်မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) ဦးစားပေးမည်)
(င) အသံဖမ်း(မြန်မာ/အင်္ဂလိပ်) (ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)
(စ) ပရိုဂရမ်မာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျန်းမာရေးကောင်းမွန်သူများဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကျော်စေရ။
(ဂ) အသံကောင်းမွန်ပြီး အနုပညာစိတ်ဝင်စားသူဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(င) တူရိယာပစ္စည်းတစ်မျိုးမျိုး တီးခတ်နိုင်သူ (သို့မဟုတ်) အသံကောင်းမွန်သူ (သို့မဟုတ်) တိုင်းရင်းသားဘာသာစကားများထဲမှ ဘာသာစကားတစ်မျိုးမျိုးအား တတ်ကျွမ်းသူ ဖြစ်ရမည်။
(စ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ အလုပ်လျှောက်လွှာပုံစံများကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သဇင်အသံလွှင့်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် **၀၃၃-၆၀၁၇၀** နှင့် **၀၉၆၈၄၄၁၂၄၄၄၂** သို့ ဆက်သွယ်၍ဖြစ်စေ အခမဲ့ထုတ်ယူနိုင်ပါသည်။

၄။ အလုပ်လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများကို **၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၃ ရက်နေ့** နောက်ဆုံးထား၍ပေးပို့ရမည်။

၅။ အချက်အလက်ပြည့်စုံသော အလုပ်လျှောက်ထားသူများ၏ လူတွေ့အင်တာဗျူးအား **၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၉ ရက်နှင့် ၃၀ ရက်နေ့**များတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက သဇင်အသံလွှင့်ဌာန၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀ နှင့် **၀၉၆၈၄၄၁၂၄၄၄၂** သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ် (၃၂)၊ ဦးပိုင်အမှတ်(၂၈-C)ရှိ ဘိုးဘဝိုင်မြေကွက်ပေါ်တွင် ဒေါ်သက်သက်ခိုင်(၉/မခန(နိုင်)၀၂၃၉၀၄)ကိုင်ဆောင်သူမှ အလျား ၃၀'-၀"၊ အမြင့် ၅'-၆" ရှိ အုတ်ဝန်းခြံဆောက် လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ အကွက်အမှတ် (၂၃၃/က)၊ ဦးပိုင်အမှတ်(၃၆၆) ရှိ မြေကွက်ပေါ်တွင် ဦးရဲရင့်ကျော်(၉/မခန(နိုင်)၂၅၇၉၃၈) ကိုင်ဆောင်သူမှ အလျား ၁၃၀'-၀"၊ အမြင့် ၅'-၆" ရှိ အုတ်ဝန်းခြံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာ တင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မြို့သစ် ရပ်ကွက်နယ်မြေ(၁၁)နေ(ဘ) ဦးရာဇာထွန်း(၅/မမန(နိုင်)၀၀၀၁၄၀) (မိခင်) ဒေါ်ခိုင်ခိုင်ဦး(၅/စကန(နိုင်)၁၉၁၈၁၂)တို့၏သားဖြစ်သူ မောင်စည်သူထွန်း(၅/စကန(နိုင်)၂၉၉၉၉၃)သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေသောကြောင့် ၎င်းအား ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအ၀ဝအား တာ၀နျယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရာဇာထွန်း(၅/မမန(နိုင်)၀၀၀၁၄၀)
ဒေါ်ခိုင်ခိုင်ဦး(၅/စကန(နိုင်)၁၉၁၈၁၂)

အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ

❖ ဒီမိုကရေစီစနစ်ဟူသည်မှာ ပြည်သူက ရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၎င်း၏ အနှစ်သာရဖြစ်သည့် အများဆန္ဒအတိုင်း ဆောင်ရွက်ခွင့်ရှိသော်လည်း လူနည်းစု၏ ဆန္ဒကိုလည်း အလေးထားရန်...

❖ မိမိနှင့် အယူအဆမကိုက်ညီသူများကို ရန်သူလိုသဘောထားပြီး ခွဲခြားဆက်ဆံခြင်းများ၊ ဖယ်ကြဉ်ထားခြင်းများသည် ဒီမိုကရေစီစနစ်နှင့် လုံးဝကိုက်ညီမှုမရှိသည့်အရာဖြစ်...

❖ ဖက်ဒရယ်စနစ်ဟူသည်မှာလည်း လုပ်ပိုင်ခွင့်အာဏာနှင့် ရပိုင်ခွင့်အာဏာများကို မျှဝေခံစားစေခြင်းဖြစ်ပြီး ၎င်းအနှစ်သာရမှာ ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပင်ဖြစ်...

(ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၃/၂၀၂၅)တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေး၊ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ခိုလမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

နေပြည်တော် ဇန်နဝါရီ ၂၀

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်စစ်ဆေးပြီး တပ်နယ်မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားသည်။

နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်က တိုင်းစစ်ဌာနချုပ်ဆိုင်ရာ အချက်အလက်များနှင့် စစ်ဆင်ရေး၊ နယ်မြေလုံခြုံရေး၊ နယ်မြေစိုးမိုးရေး၊နယ်မြေစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပယျောက်ရေး ဆောင်ရွက်လျက်ရှိမှု၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းကို အပြည့်အဝပြန်လည်ထိန်းချုပ်၊ မန္တလေး-သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်

စာမျက်နှာ - ၂၅

ဂမ်ဘီယာနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်သည့် ကြားနာပွဲတွင် မြန်မာနိုင်ငံ၏ ရှေ့နေများက ဆက်လက်တုံ့ပြန်ချေပလျှောက်ထား

စာမျက်နှာ - ၂၃

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

စာမျက်နှာ - ၁၉

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလိမိတက်

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com